The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (30-9-2014) (၇၉၇၉)

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တို့မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏။

ဤတရားသဘောကား လောကစဉ်လာ ဓမ္မတာဖြစ်ပေ၏။

(ဓမ္မပဒ)

**မိုးရွာသွန်းမှု**

၂၉-၉-၂၀၁၄

မြစ်ကြီးနား ၂ ဒသမ ၂၈ လက်မ

ထားဝယ် ၁ ဒသမ ၈၁ လက်မ

လောင်းလုံ ၁ ဒသမ ၄၂ လက်မ

# မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံစီမံကိန်း၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပုံစံငယ်အား ကြည့်ရှုစဉ်။

သတင်းဆောင်းပါး - ညီညီထွန်း
ဓာတ်ပုံ - နေလင်း

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်ချက်မှာစိုက်ပျိုးရေဖြစ်ပါသည်။ အလားတူ လျှပ်စစ်မီးရရှိရေးသည် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျလှပါသည်။ ထို့ကြောင့် မြေရိုင်းကိုထွင်၍ မြေယဉ်ဖြစ်အောင် ပုံဖော်ထုဆစ်ရပေသည်။ ရေရိုင်းကိုသင်၍ ရေယဉ်ဖြစ်အောင် ထိန်းကျောင်းပြုပြင်ပေးရသည်။ သဲထဲရေသွန်မဖြစ်အောင်နှင့် မိုးရွာတုန်းရေခံရန် ဆည်တာတမံကြီးများကို တည်ဆောက်ရပါသည်။

မကြာသေးမီရက်ပိုင်းအတွင်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့သို့လည်း သွားရောက်ခဲ့ပေသည်။ ထိုခရီးစဉ်အတွင်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ကာ ရေရှားပါးသည့်အတွက် မိုးရာသီတွင်ပင် စိုက်ပျိုးရေ အလုံအလောက်မရရှိပေ။ မိုးနည်းရပ်ဝန်းဒေသဖြစ်၍ ရှေးမြန်မာမင်းများ လက်ထက်ကပင် စိုက်ပျိုးရေရရှိရေးအတွက် ကန်၊ ချောင်း၊ ဆည်မြောင်းများ တည်ဆောက်ခဲ့ရပါသည်။ ထိုခေတ် ထိုအခါကပင် ဆည်ရေသွင်းစိုက်ပျိုးနိုင်သဖြင့် မြန်မာပြည်၏ စပါးကျီဟု ထင်ရှားခဲ့ပါသည်။ ရေရပါက ရွှေရသလိုခံစားရသည့် အခြေအနေပင်။

ယခုအခါ စိုက်ပျိုးရေရရှိရေးအတွက် ကြိုးပမ်းလျက်ရှိရာတွင် ဆည်၊ ကန်၊ တာတမံတည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဖော်ဆောင်ခြင်း၊ မြေအောက်ရေတွင်းများတူးဖော်ခြင်းတို့ ဆောင်ရွက်ရပေသည်။ မြစ်ရေတင်စီမံကိန်းများကြောင့် ဆည်ရေရဘိသကဲ့သို့ လယ်မြေများ အလုပြည့်စေခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

# မဟာစေတီလှ ဗုဒ္ဓပူဇနိယပွဲတွင် မီးပုံးပျံကြီးလွှတ်တင်ပွဲ စည်ကားစွာကျင်းပမည်



**မုံရွာ စက်တင်ဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှေးဟောင်းသမိုင်းဝင် မဟာစေတီလှဗုဒ္ဓပူဇနိယပူဇော်ပွဲကို ဘုရားကြီးတည်ရှိရာ မုံရွာမြို့နယ် သာစည်ကျေးရွာတွင် အိမ်ကြီးတစ်လုံးစာမျှ ကြီးမားလှသော မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့်အတူ စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သာစည်မဟာစေတီလှဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

“သာစည်ဘုရားပွဲကို နှစ်စဉ်ကဆုန်လပြည့်နေ့နဲ့ သီတင်းကျွတ်လပြည့်နေ့တို့မှာ နှစ်ကြိမ်ကျင်းပတာပါ။ ကဆုန်လပြည့်နေ့မှာ သာစည်ဝန်းကျင်ကျေးရွာတွေက ဒေသခံတွေ ဘုရားကြီးကိုလာတယ်။ ဆန်၊ ပန်း၊ ပေါက်ပေါက်တွေနဲ့ စေတီတော်ကြီးခြေရင်းမှာ လာရောက်ကြပက်ပူဇော်ကြပြီး သံဃာတော်တွေကို လှူဒါန်းကြတဲ့ပွဲပါ။ အခု သီတင်းကျွတ်လပြည့်နေ့မှာ ကျင်းပမယ့် ဗုဒ္ဓပူဇနိယပွဲကိုတော့ သာစည်ဝန်းကျင်ဒေသခံတွေသာမက ရန်ကုန်၊ မန္တလေး၊ မုံရွာစတဲ့ဒေသတွေအပြင် နိုင်ငံရပ်ခြားကိုရောက်နေကြတဲ့ သာစည်ဒေသခံနွယ်ဖွားတွေပါ လာရောက်ဆုံစည်းကြတဲ့ ဆွေမျိုးစုံပျော်တဲ့ပွဲကြီးဖြစ်ပါတယ်”ဟု ဂေါပကအဖွဲ့ဝင်က ပြောပြသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ○



ကြေးမုံစာတည်းရှုထောင့် ၃၀-၉-၂၀၁၄၊ အင်္ဂါနေ့

# ပြည်သူကိုထာဝစဉ်ကူညီ

အောက်တိုဘာလ ၁ ရက်နေ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်ပါသည်။ ထိုနေ့သည်ပင် ၂၀၁၄ ခုနှစ်၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့်မြောက်သည့် ရွှေရတုနေ့လည်းဖြစ်ပါသည်။ အဆိုပါ ရဲတပ်ဖွဲ့နေ့ ရွှေရတုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်နေသည်ကို တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ရဲတပ်ဖွဲ့ဆိုသည်မှာ မူလကတည်းက ပြည်သူကိုကူညီစောင့်ရှောက်သော၊ ရပ်ရွာအေးချမ်းသာယာရေးကို အစဉ်အမြဲဖြည့်ဆည်းပေးသောတပ်ဖွဲ့ဖြစ်လေရာ ယခုကဲ့သို့ပင် မိမိတို့၏မူလတာဝန်များအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်စေကြောင်း ဆန္ဒပြုမိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မိမိတို့နယ်မြေအတွင်း ရာဇဝတ်မှု မဖြစ်ပွားအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးကြရသည်။ ဖြစ်ပွားလာသော ရာဇဝတ်မှုများကို အမြန်ဆုံးဖော်ထုတ်နိုင်အောင် စုံစမ်းစစ်ဆေးရှာဖွေဖမ်းဆီးပေးရသည်။ ယင်းသည် ရဲတပ်ဖွဲ့ဝင်များ၏ မူလတာဝန်ဖြစ်သည်။ အဆိုပါ ပင်မတာဝန်များကို ကျေပွန်ရုံမျှဖြင့် ပြည်သူများက ကျေနပ်ဝမ်းမြောက် ဖြစ်မိပေလိမ့်မည်။ ထို့ထက်ပို၍ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ကြမည်ဆိုလျှင်ဖြင့် အတိုင်းမသိဝမ်းမြောက်မိမည်မှာ အမှန်ဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူကိုကူညီမည်ဖြစ်သည့် 'ကူညီပါရစေ' ဆောင်ပုဒ်ကို လက်ကိုင်ထားကြသည်ဖြစ်ရာ ပြည်သူ့အရေးအရာများနှင့် ကြုံကြိုက်လာလျှင် ပင်မတာဝန်၊ မူလတာဝန်မခွဲခြားဘဲ အစဉ်အမြဲ သယ်ပိုးဆောင်ရွက်ခြင်းဖြင့် ပြည်သူကိုဗဟိုပြုသော ယနေ့မျက်မှောက်ဒီမိုကရေစီခေတ်ကာလအတွက် အလွန်ပင် လျော်ကန်သင့်မြတ်လှမည်ဖြစ်သည်။

ရဲလုပ်ငန်းသည် ဂုဏ်ယူဖွယ်ရာလုပ်ငန်းတစ်ခုသာဖြစ်သည်။ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကျန်းမာသန်စွမ်းပြီး အားကောင်းမောင်းသန်၊ စိတ်ဓာတ်ကောင်းများဖြင့် ပြည်သူ့အရေးအရာများကို ထမ်းဆောင်နေကြသည်မှာ ယုံကြည်အားထားဖွယ်ဖြစ်သည်။ ရဲတပ်ဖွဲ့၏ မူလတာဝန်များတွင်ပါဝင်သော မိမိတို့နယ်မြေများ၌ ရာဇဝတ်မှုမဖြစ်ပွားအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးကြရာတွင် ပြည်သူနှင့်သော်လည်းကောင်း၊ ပြည်သူ့ဝန်းကျင်တွင်လည်းကောင်း နေ့/ညအစဉ်မပြတ် ထိတွေ့ဆက်ဆံကြည့်ရှုပေးနေရမည်ဖြစ်သည်။ အချို့ကိစ္စရပ်များတွင် ရဲလုပ်ငန်းဥပဒေသဘောအရ အကျုံးမဝင်သော်လည်း လက်စွဲဆောင်ပုဒ်ပါအတိုင်း ပြည်သူကိုကူညီမည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် တတ်စွမ်းသရွေ့ ဖြည့်ဆည်းပေးခြင်းမှာလည်း မင်္ဂလာတစ်ပါးဟု ဆိုနိုင်ပါသည်။

ထိုသို့ပြည်သူများနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံမှုပြုကြရာ၌ ရဲတပ်ဖွဲ့ဝင်များ၏ အင်္ဂါရပ်များမှာလည်း နိုင်ငံတကာရဲတပ်ဖွဲ့ကဲ့သို့ ပြည့်စုံကောင်းမွန်မှုရှိရန်လိုပေလိမ့်မည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများအတွက် နှစ်လိုဖွယ်ကောင်းသော၊ ဒုစရိုက်သမားများအတွက် ကြောက်ရွံ့ဖွယ်ကောင်းသော စရိုက်လက္ခဏာ၊ အဆင်းသဏ္ဌာန်နှစ်မျိုးရှိရန် လိုပေလိမ့်မည်။ ထိုသို့ပြည့်စုံစေရန်အတွက် ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အရည်အသွေး၊ အရည်အချင်းနှင့် အသွင်သဏ္ဌာန်များပြောင်းလဲအောင် ဖော်ဆောင်ပေးနေသည်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အဆိုပါအချက်များ ပြည့်စုံကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ အဂတိလိုက်စားမှုကင်းစင်ရေး၊ တရားမျှတမှုရှိရေးနှင့် တာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူများ ယုံကြည်ကိုးစား အားထားရသည့် အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ထာဝစဉ် ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ၁၉၆၄ ခုနှစ်မှစတင်၍ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးကို ယနေ့ကာလ ဒီမိုကရေစီရဲတပ်ဖွဲ့၏ အရည်အချင်းများနှင့်လျော်ညီအောင် ဖော်ဆောင်ရင်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်နိုင်စေကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် G20 ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဩစတြေးလျနိုင်ငံ Cairns မြို့၌ကျင်းပခဲ့သည့် G 20 ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပခဲ့သည့် G20 ထိပ်သီးအစည်းအဝေး၌ ချမှတ်ခဲ့သည့် လာမည့် ၅ နှစ် ၂၀၁၈ ခုနှစ်ကုန်၌ ကမ္ဘာ့စီးပွားရေး နှစ်ရာခိုင်နှုန်း ပိုမိုတိုးတက်လာစေရန်ရည်မှန်းချက်အား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်၊ ဈေးကွက်အခြေအနေများ ဖန်တီးပေးရေး၊ အခွန်ရှောင်မှုကိစ္စများ ပူးပေါင်းတားဆီးရေးနှင့် အစိုးရ၏ ကြွေးမြီကို ထိန်းကျောင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများ၌ ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံသွားရေး၊ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိစေရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ပိုမိုစိစစ်ကြပ်မတ်ရေး၊ OECD စံနှုန်းအရ အခြေခံပျက်ယွင်းမှုနှင့် အမြတ်ရွှေ့ပြောင်းမှု (Base Erosion and Profit Shifting- BEPS)ပြဿနာများ ဖြေရှင်းရန် ကျွမ်းကျင်မှု အကူအညီပေးရေး၊ ကမ္ဘာ့ဘဏ်နှင့် ဒေသဆိုင်ရာဘဏ်များအား Infrastructure Investment များတွင် ပို၍ အလေးထားဆောင်ရွက်ရေး၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေရေးကြေးရေး အကျပ်အတည်းမျိုး ထပ်မံမဖြစ်ပေါ်စေရန်အတွက် စုပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရေး၊ IMF ၏ ထည့်ဝင်ငွေ ကိုတာ(Quota)နှင့် စီမံအုပ်ချုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲရေးစသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင်(United Nations Economic and Social Commission for Asia and the Pacific- UN ESCAP)၏ အမှုဆောင် အတွင်းရေးမှူး Dr. Shamshad Akhtar အား လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုနှင့် အနာဂတ်ဆောင်ရွက်မည့် အကြောင်းအရာများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

G 20 ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ၂၀၁၄ ခုနှစ်အတွက် G20 အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဩစတြေးလျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး G 20 အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ကမ္ဘာ့ဘဏ်၊ IMF၊ OECD၊ ဥရောပသမဂ္ဂနှင့် အာဖရိကယူနီယံစသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၉**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၁၂၀၀ - | ၆၅၂၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၁၀၀၀ - | ၆၅၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၉၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၆၆၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၃၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၂၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၇. ၅၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၅၂၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၇. ၃၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၈. ၄၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



# ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပသည့် PGM အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်

**နေပြည်တော်　စက်တင်ဘာ　၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာမိတ်ဆွေများအဖွဲ့ (Group of Friends of the Secretary General on Myanmar) မှ အမည်ပြောင်းလဲဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံတော် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်အဖွဲ့ (Partnership Group for Peace, Development and Democracy in Myanmar-PGM) အစည်းအဝေးကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်၊ PGM အဖွဲ့ဝင် ၁၅ နိုင်ငံစလုံးမှဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အဖွင့်မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် ဖြစ်ပေါ်တိုးတက်မှုအကျဉ်းကို ရှင်းလင်းသည်။

ထို့အတူ အဖွဲ့ဝင် ၁၅ နိုင်ငံစလုံးမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်အား အောင်မြင်စွာထမ်းဆောင်နေမှု၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှုအပေါ် ချီးကျူးပြောကြားခဲ့ကြပြီး လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား မြန်မာ့နိုင်ငံရေးတွင် အထူးအရေးပါသည့်ဖြစ်စဉ်တစ်ရပ်အဖြစ် အလေးထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် Assistant to the President and Deputy National Security Advisor for Strategic Communications,Mr.Benjamin J. Rhodes,Bureau of East Asian and Pacific Affairs, Mr.Daniel R.Russel တို့နှင့် Waldrof Astonia Hotel ၌လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် Congressmen Joe Crowley နှင့် Grand Hyatt Hotel ၌လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် Bureau of Democracy,Human Rights, and Labor, Assistant Secretary, Mr.Tom Malinowski နှင့်လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Derek J.Mitchell လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ဘဏ္ဍာရေးအစီအမံများဆိုင်ရာ ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာနက လက်တွေ့ကျသော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ်များ (Quick Wins)နှင့် လိုအပ်သည့် ဘဏ္ဍာရေးအစီအမံများဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရေးကဏ္ဍမြှင့်တင်မှု ဆောင်ရွက်ရာတွင် အချိန်တိုအတွင်း ဖြစ်ထွန်းမည့် အစီအစဉ်များ (Quick Wins)၊ ဆရာ ဆရာမ တိုးချဲ့ခန့်ထားရေး၊ ဆရာ ဆရာမ အရည်အသွေးမြှင့်တင်ရေး၊ ပညာရေးအညွှန်းကိန်းအတွက် မှန်ကန်သော စာရင်းအင်း အချက်အလက်များ ရရှိရေး၊ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲစနစ် အခမဲ့ ပညာသင်ကြားရေး၊ ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး၊ နည်းပညာနှင့် သက်မွေးပညာရေး ကိစ္စရပ်များ၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး၊ မြန်မာစာနှင့် မြန်မာ့တန်ဖိုး မြှင့်တင်ရေး၊ ဆရာ အတတ်ပညာရေး၊ ပညာရေးရုပ်မြင်သံကြား ထုတ်လွှင့်ရေး၊ ပညာရေးဝန်ကြီးဌာနဖွဲ့စည်းပုံရေးဆွဲရေးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ် Quick Wins Activities ၁၂ ချက်နှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှုမိတ်ဖက် ကိုယ်စားလှယ်များနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား National Democratic Institute(NDI) မှ Dr.Richard A.Nuccio နှင့် အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသူရိန်ဇော်အား National Democratic Institute (NDI) မှ Dr.Richard A.Nuccio ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ (I-3) အပေါ်ထပ်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်၏တာဝန်များကို ထမ်းဆောင်ရာတွင် ထိရောက်စွာ ထမ်းဆောင်နိုင်ရေးအတွက် NDI မှ ကူညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရွှေရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြု ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်း ဦးစီးသော ပြည်နယ်/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၉)မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉)မှုခင်းတပ်ဖွဲ့စု(မော်လမြိုင်)မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉)ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ က စက်တင်ဘာ ၂၇ ရက်က မော်လမြိုင်မြို့ ကလေးအထူးကုဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်၊ မြက်ပင် အမှိုက်သရိုက်များကို ခုတ်ထွင်ရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ထို့နောက်မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ မော်လမြိုင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ထက်/လယ်/ မူလတန်းကျောင်းသားကျောင်းသူ ၃၆ ဦးတို့က "ပြည်သူ့အတွက် ရဲတပ်ဖွဲ့"၊ "တရားဥပဒေစိုးမိုးမှ ပြည်သူ့ဘဝ သာယာလှပ"၊ "ပြစ်မှုအန္တရာယ် ကြိုကာကွယ်"ခေါင်းစဉ်များဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မွန်းတည့် ၁၂ နာရီအထိ ပြိုင်ပွဲဝင်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ယာပုံ)**

**သိန်းလှိုင်(မော်လမြိုင်)**



# နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

# ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ စာမေးပွဲရက်ပြင်ဆင်

**ရန်ကုန်　စက်တင်ဘာ　၂၉**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် ပထမသုတ် (သိပ္ပံဘာသာရပ်များ၊ သင်တန်းနှစ်အားလုံး၏ စာမေးပွဲဖြေဆိုရမည့် ၆-၁၀-၂၀၁၄ ရက် (တနင်္လာနေ့) သည် အများပြည်သူတို့၏ အလုပ်ပိတ်ရက် (ဘက္ကရီအီးဒ်နေ့)ဖြစ်ပါသဖြင့် သင်တန်းနှစ်အားလုံး၏ အဆိုပါနေ့ရက်တွင် ဖြေဆိုရမည့် ဘာသာရပ်ကို (၁၄-၁၀-၂၀၁၄) ရက် (အင်္ဂါနေ့)သို့ ပြောင်းရွှေ့ဖြေဆိုရမည်ဖြစ်ကြောင်းနှင့် စာမေးပွဲပြောင်းရွှေ့ဖြေဆိုရမည့်ရက်မှာ (၆-၁၀-၂၀၁၄) ရက် (တနင်္လာနေ့)တစ်ရက်တည်းသာဖြစ်ပြီး ကျန်ရက်များတွင် ဖြေဆိုရမည့်ဘာသာရပ်များကို မူလကြေညာထားသည့် အစီအစဉ်ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့်မန္တလေးအဝေးသင်တက္ကသိုလ်တို့က အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**



## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသော ကာလများဖြစ်သည့် မိုးအကုန်ဆောင်အကူးတွင်ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟု ခေါ်ဆိုသော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီကုသမှုမရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပြီဆိုပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီကုသမှုခံယူရန်နှင့် အဆင့်ဆင့် အချိန်မီအမြန်ဆုံးသတင်းပေးပို့ရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင်ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့်ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားလေ့ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ထိရောက်ပြည့်စုံသော ကုသမှုခံယူရန်လိုအပ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း၊ လူနာကိုကိုင်တွယ်ပြီးတိုင်း၊ ကလေးကိုပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်စွာဆေးကြောရန်၊ အစားအစာအား ပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နားစာများ မစားသုံးခြင်း၊ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ခြင်း (ကလိုရင်းဆေးခတ်ထားသော သောက်သုံးရေ သို့မဟုတ် ကျိုချက်ထားသောရေကိုသာ သောက်သုံးခြင်း)၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို စနစ်တကျဆောင်ရွက်ခြင်းနှင့် ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီ သတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(ကျန်းမာရေးဝန်ကြီးဌာန)**

# တောင်ဥက္ကလာပ (၁၄)ရပ်ကွက်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ ၂၄ နာရီ အနီးကပ်စောင့်ရှောက်လျက်ရှိ

**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် စီမံကိန်းအပိုင်း(၁)တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း ကြားသိရ၍ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေများကို မြန်မာ့သတင်းစဉ်(သတင်း)အဖွဲ့မှ စက်တင်ဘာ ၂၉ ရက် ညနေပိုင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

**တွေ့ဆုံမေးမြန်း - မိုးသူဇာစိုး၊ မင်းသစ်**
**ဓာတ်ပုံ - ရဲထွဋ်**

**ဦးကျော်စိုးဦး(အုပ်ချုပ်ရေးမှူး၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာ)**

(၁၄)ရပ်ကွက်မှာက ၁၄/၁၊ ၂၊ ၃ နဲ့ စီမံကိန်း(၁)၊ (၂)ဆိုပြီး အပိုင်းငါးပိုင်းရှိတယ်။ အခုဖြစ်နေတာက စီမံကိန်း(၁)မှာ ဖြစ်နေတာပါ။ စီမံကိန်း(၁)မှာ အိမ်ခြေ ၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၈၀၀၀ နီးပါးလောက်နေထိုင်ကြတယ်။

ဒီရပ်ကွက်မှာက သောက်သုံးရေအတွက် အဝီစိတွင်းရေကိုပဲ အဓိကထားပြီး သောက်သုံးနေရတယ်။ အဝီစိတွင်းက ၂၂ တွင်းလောက်ရှိတယ်။ တချို့လည်း မိုးရိပ်ရေကိုသုံးကြတယ်။ ကျန်းမာရေးဌာနက ဝန်ထမ်းတွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့နယ်အထောက် အကူပြုအဖွဲ့တွေ အားလုံးပူးပေါင်းပြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေး သားဖွားဆေးခန်းမှာ ယာယီဆေးခန်းဖွင့်ပြီး ရောဂါဖြစ်ပွားတဲ့သူတွေကို ကုသပေးနေပါတယ်။

**ဒေါက်တာအေးအေးမိုး (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တောင်ဥက္ကလာပမြို့နယ်)**

၂၈ ရက်နေ့နဲ့ ဒီနေ့ ၄နာရီအထိ ဝမ်းပျက်ဝမ်းလျှောကြောင့် လာပြတဲ့လူနာတွေကို အနီးစပ်ဆုံးဖြစ်တဲ့ သယ်န်းကျွန်းစံပြဆေးရုံကို တိုက်ရိုက်ပို့ဆောင်ကုသပေးနေပါတယ်။ ဆေးရုံတင်ဖို့လိုအပ်လာတဲ့ လူနာတွေ့တိုင်း အရေးပေါ်ကားနဲ့ ချက်ချင်းတင်ပို့နိုင်အောင် သယ်န်းကျွန်းစံပြဆေးရုံနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဖြစ်စဉ်ကတော့ ၂၇ ရက်နေ့ ည ၇ နာရီက ဝမ်းပျက်ဝမ်းလျှောလူနာတွေ သယ်န်းကျွန်းစံပြဆေးရုံမှာ တက်သွားမှာ ထုံးဖြူးတာတွေ၊ အမှိုက်ရှင်းတာတွေလည်း လုပ်ပြီးပါပြီ။ ကျန်းမာရေးပညာပေးတာတွေကိုလည်း ကျန်းမာရေးဝန်ထမ်းတွေက လုပ်နေပါတယ်။

ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့လူနာတွေမှာ လူလတ်ပိုင်းတွေ အဖြစ်များပြီး ကလေးငယ်တွေ သိပ်မဖြစ်ကြဘူး။ ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့အိမ်တွေ့ရပါတယ်။

အစားအစာနဲ့ သောက်သုံးရေသန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ ယင်လုံအိမ်သာ အသုံးပြုရေး၊



ဦးကျော်စိုးဦး။



ဒေါက်တာအေးအေးမိုး။



ဒေါ်လှလှဝင်း။

တယ်လို့ သတင်းရတယ်။ သတင်းအရ လူနာရဲ့နေရပ်ကို လိုက်ရှာတဲ့အခါ ငမိုးရိပ်ချောင်း တာပေါင်ပေါ်မှာ မေးတင် ဆောက်ထားတဲ့ ၅ ပေ × ၁၀ ပေ လောက်ရှိတဲ့ တဲအိမ်လေးတွေထဲက တစ်အိမ်မှာ ပထမဆုံးဖြစ်တဲ့လူနာကို တွေ့ခဲ့ပါတယ်။

သူ့ကိုပြုစုခဲ့တဲ့ ဘေးအိမ်က လူတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာတွေ တွေ့ရပြီး ရောဂါလက္ခဏာတွေ့တဲ့သူ ခုနစ်ယောက်လောက်ရှိလာတဲ့အခါ ၂၈ ရက်မနက်မှာပဲ သက်ဆိုင်ရာတာဝန်ရှိသူတွေဆီကို သတင်းပို့ပြီး အဲဒီရပ်ကွက်နဲ့ အနီးဆုံးဖြစ်တဲ့ သားဖွားခန်းမှာ ယာယီကျန်းမာရေးစောင့်ရှောက်တဲ့ အနေနဲ့ ဆေးပေးခန်းဖွင့်ထားပါတယ်။

မြို့နယ် ကျန်းမာရေးဦးစီးဌာန အနေနဲ့ ဆရာဝန် ဆရာမအင်အား ၂၅ ယောက်ကို နေ့/ည တာဝန်ချထားပြီး ၂၄ နာရီအနီးကပ် စောင့်ရှောက်နေပါတယ်။ ဝမ်းပျက်ဝမ်းလျှော လူနာတွေအတွက် လိုအပ်တဲ့ ကုသမှုပိုင်းဆိုင်ရာဆေးဝါး၊ ဓာတ်ဆားနဲ့ ရေသန့်အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအားလုံးကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆေးဝါးတွေလည်း လုံလုံလောက်လောက်ရှိအောင် သက်ဆိုင်ရာက ပံ့ပိုးထားပါတယ်။

ရောဂါမပျံ့ပွားအောင် ထိန်းချုပ်တဲ့နေရာမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားနေတဲ့ အင်ကြင်းလမ်းနဲ့ ကြက်မောက်လမ်းတို့အပါအဝင် တစ်ရပ်ကွက်လုံးမှာရှိတဲ့ ရေတွင်း၊ ရေကန်နဲ့ ရေထွက်ပင်ရင်းတွေ အကုန်လုံးကို ကလိုရင်းခတ်ပါတယ်။ အညစ်အကြေးစွန့်တဲ့နေရာတွေနဲ့ စိုစွတ်တဲ့နေရာတွေအားလုံးတွေကို တစ်အိမ်တက်ဆင်း လိုက်ကြည့်ပြီး ရောဂါမဖြစ်သေးတဲ့ အိမ်သားတွေကို ကြိုတင်ကာကွယ်နိုင်ဖို့ နည်းလမ်းနဲ့ ဓာတ်ဆား၊ ရေသန့်စတာတွေ ဖြန့်ဖြူးပေးနေပါတယ်။

အစားအသောက်နဲ့ ရေကြောင့်မှာ ဘာကြောင့်ဖြစ်တယ်ဆိုတာ မသိရသေးတဲ့အတွက် မသန့်ရှင်းတဲ့အစားအစာတွေ မစားသောက်ဖို့နဲ့၊ ရောင်းချခြင်းမပြုဖို့ပါ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး စီစဉ်နေပါတယ်။

ရောဂါဖြစ်ပွားနေတဲ့ ပတ်ဝန်းကျင်က ရေကို ဓာတ်ခွဲစမ်းသပ်ဖို့ အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်း (NHL) ကို ဒီနေ့ပဲ ရေနမူနာပေးပို့ပြီးဖြစ်ပါတယ်။ ယာယီ ကျန်းမာရေး ဆေးပေးခန်းမှာ ရပ်ကွက်နဲ့ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့က တာဝန်ရှိသူတွေ၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ မြို့တော်စည်ပင်က ကျန်းမာရေးဌာနနဲ့ တခြား လူမှုအဖွဲ့အစည်းတွေပါ ပူးပေါင်းပြီး အကူအညီပေးနေပါတယ်။ တိုင်းဒေသကြီး ကူး/စက်အဖွဲ့ကလည်း ဆင်းလာပြီး ရေရယူ သုံးစွဲတဲ့နေရာမှာ ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် ကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို စစ်ဆေးခဲ့ပါတယ်။

ရောဂါဖြစ်ပွားတဲ့ လမ်းတွေဟာဆိုရင် ရေတက်ရေကျရှိပြီး အညစ်အကြေးစွန့်တဲ့ အိမ်သာတွေဟာ ကျန်းမာရေးစံချိန်စံညွှန်းတွေ ကိုက်ညီမှုမရှိပါဘူး။ ရေအရင်းအမြစ်နဲ့ အိမ်သာက ပေ ၂၀ လောက်ပဲ ကွာနေတာ၊ ယင်လုံအိမ်သာမသုံးစွဲနိုင်တာ၊ လက်လုပ်လက်စားနဲ့အခြေခံလူတန်းစားတွေနေတဲ့နေရာဖြစ်ပြီး ကျန်းမာရေးအသိပညာ နည်းပါးတာ၊ ကျန်းမာရေးနဲ့ညီတဲ့ စားသောက်နေထိုင်မှုမရှိတာတွေကို ဒီနေရာမှာ ဒီအချက်တွေကို လိုက်နာနိုင်မှသာ ဝမ်းပျက် ဝမ်းလျှောရောဂါကို ကာကွယ်နိုင်မှာပါ။ ဒီအချက်တွေနဲ့ အညီ မနေထိုင်လို့ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်လာတယ်လို့ ထင်ပါတယ်။ ဒါကို ထိန်းချုပ်နိုင်ဖို့အတွက် အားလုံးဝိုင်းဝန်းပြီး ကြိုးစားနေပါတယ်။

**ဒေါ်လှလှဝင်း (မြို့နယ်အလုပ်အမှုဆောင်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း)**

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့က အင်အား ၃၀ ကျော်နဲ့ ပူးပေါင်းကူညီပေးနေပါတယ်။ ဆေးရုံပို့ဖို့ လိုတဲ့သူတွေ၊ ဆေးပေးခန်းကို မလာနိုင်တဲ့သူတွေကို ကိုယ်တိုင်ကိုယ်ကျသွားခေါ်ပြီး လိုအပ်တဲ့ ဆေးကုသမှုရရှိအောင် ကူညီပေးနေပါတယ်။ ထုံးဖြူးတာ၊ ကလိုရင်းခတ်တာ စတဲ့ရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ ဝိုင်းဝန်းကူညီပေးနေပါတယ်။

**ဦးမင်းအောင် (စီမံကိန်းအပိုင်း(၁)၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာ)**

အခုဖြစ်တာက တာပေါင်ပေါ်မှာ နေတဲ့သူတွေပဲ ဖြစ်ကြတာ။ အသေအပျောက်တော့ မရှိကြဘူး။ ဒီမှာက အဝီစိတွင်းရေကိုပဲ သုံးနေကြတယ်။ တချို့ပိုက်အဆက်တွေကလည်း မလုံဘူး။ အိမ်သာတွေကလည်း ဖြစ်သလို ဆောက်ထားကြတယ်။ အဖုံးအကာမရှိဘူး။ အပေါ်က သွားလိုက်ရင် ရေထဲရောက်သွားတယ်။ ကျင်းတူးလို့လည်းမရဘူး။ တချို့နေရာတွေက ချောင်းရေ အတက်အကျရှိတယ်။ တချို့နေရာတွေကျတော့ ကန်သဘောမျိုးဖြစ်နေပြီး အညစ်အကြေးတွေက အဲဒီမှာ စုပုံနေတယ်။ အဲဒါကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါတွေဖြစ်တယ်လို့ ထင်တယ်။ ။



# အိမ်ခြေထူထပ်ပြီး သောက်သုံးရေသန့်ရှင်းမှုမရှိခြင်းကြောင့် တောင်ဥက္ကလာပမြို့နယ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် စီမံကိန်း(၁) အင်ကြင်းကျူးကျော်နှင့် ကြက်မောက်ကျူးကျော်ရပ်ကွက်များတွင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းမှစ၍ လူနာကိုးဦး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့သည် ရပ်ကွက်အတွင်းတွင် ၂၄ နာရီ ဆေးခန်းဖွင့်လှစ်၍ လူနာသစ်ရှာဖွေကုသမှုပေးခြင်း၊ လူနာနှင့် အတူနေသူများအား ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ရပ်ကွက်တွင်းရှိသောက်သုံးရေအရင်းအမြစ်အားလုံးအား ကလိုရင်းဆေးခတ်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အရေးပေါ်လူနာလွှဲပြောင်းကုသမှုခံယူစေခြင်းလုပ်ငန်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ဆေးခန်းပြလူနာများအနက် လူနာ ၁၂ ဦးအား သယ်န်းကျွန်းစံပြဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူစေခဲ့ကြောင်း၊ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာများအား ဆေးကုသမှုပေးလျက်ရှိကြောင်းနှင့် သေဆုံးသူလူနာမရှိကြောင်း၊ ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းမှာ ရပ်ကွက်အတွင်းတွင် အိမ်ခြေထူထပ်၍ လူဦးရေများပြားခြင်း၊ သောက်သုံးရေသန့်ရှင်းမှုမရှိခြင်း၊ အိမ်အများစုတွင် ယင်လုံအိမ်သာမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ရောဂါဆက်လက်ပျံ့ပွားမှုမရှိအောင် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် အတည်ပြုဝင်ရောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

ယနေ့အစည်းအဝေးတွင် **ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (၁၉၇၂)တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် အတည်ပြုဝင်ရောက်ရေးကိစ္စနှင့်စပ်လျဉ်း၍** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ရှင်းလင်းတင်ပြခဲ့သည်။



သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။

ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် နိုင်ငံတကာ လက်နက်ဖျက်သိမ်းရေးစာချုပ်များမှာ မြန်မာနိုင်ငံ၏ ဆောင်ရွက်နိုင်သည့် အတိုင်းအတာဖြင့် အကျိုးစီးပွားယှဉ်တွဲပြီး ပါဝင်လက်မှတ် ရေးထိုးခြင်း (Signature)၊ အတည်ပြုပါဝင်ခြင်း (Ratification)၊ စာချုပ်အာဏာသက်ဝင်ပြီး နောက်ပါဝင်ခြင်း (Accession)တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများအနေအထားမှာ ယခုတင်ပြသည့် အချိန်အထိ စာချုပ်သို့ နိုင်ငံပေါင်း(၁၇၀)က အတည်ပြုပါဝင်ပြီးဖြစ်ပါကြောင်း၊ မြန်မာအပါအဝင် နိုင်ငံ (၉) နိုင်ငံက စာချုပ်ကို လက်မှတ်ရေးထိုးထားပြီး အတည်ပြုပါဝင်ခြင်း မရှိသေးပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၇၂ ခုနှစ် ဧပြီလ ၁၀ ရက်က လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှအပ အာဆီယံနိုင်ငံများအားလုံးသည် စာချုပ်ကို အတည်ပြုပါဝင်ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွက် အဖွဲ့ဝင်ဖြစ်ပါက လက်နက်ဖျက်သိမ်းရေးနယ်ပယ်တွင် မြန်မာ၏တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းကို ပြသနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ပံ့ပိုးအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ လက်နက်ဖျက်သိမ်းရေးကဏ္ဍ၊ ဇီဝနည်းပညာပိုင်းဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုအရ ဇီဝလက်နက်တားဆီးရေးသင်တန်းများနှင့် ဇီဝဆိုင်ရာနည်းပညာ ရရှိရေးအတွက် လမ်းဖွင့်ပေးရာလည်းရောက်မည်ဖြစ်ပါကြောင်း။

ဇီဝအန္တရာယ်ကို ကြိုတင်ထောက်လှမ်းသိရှိနိုင်မည့် ပစ္စည်းကိရိယာများ၊ ကြိုတင်သတိပေး ကိရိယာများ၊ ကာကွယ်ရေးပစ္စည်းများ၊ ဇီဝအဆိပ်သင့်မှုမှ ကုစားနိုင်သည့်ကိရိယာများ၊ ဆေးဝါးနှင့် ကျန်းမာရေးပြုစုကုသမှုများနှင့် အကြံဉာဏ်များ စသည်တို့ကို စာချုပ် အကောင်အထည်ဖော်ထောက်ပံ့ရေး ကွန်ရက်နှင့်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

လက်နက်မပြန့်ပွားရေးနှင့်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် ကမ္ဘာ့နိုင်ငံများနှင့်အတူတကွ လက်တွဲပူးပေါင်းရာ ရောက်ပါကြောင်း၊ အကယ်၍ ဇီဝလက်နက်များ ထုတ်လုပ်သည့် နိုင်ငံများရှိပါက ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အညီ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူပေးရန် တောင်းဆိုနိုင်ပါကြောင်း။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ဖွဲ့စည်းထားသည့် ကော်မတီများနှင့် မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အား အတည်ပြုသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်မှုကို လေးနက်စေပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသော စက်ရုံ၊ အလုပ်ရုံများအနက်မှ အရှုံးပေါ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံများ အခြေအနေနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်မှု အခြေအနေများနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြခဲ့ကြသည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (ယခင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အရှုံးအမြတ် အမှန်စာရင်းအရ ကျပ်သန်း(၈၁၈ ဒသမ ၂၉၇) အရှုံးဖြစ်ပေါ်ခဲ့ပါကြောင်း၊ အရှုံး ဖြစ်ပေါ်ရသည့်အကြောင်းအရင်းမှာ ၂၀၁၃ခုနှစ် ဧပြီလမှစ၍ ဆန်စပါးနှင့် အခြားသီးနှံဝယ်ယူခြင်း၊ ရောင်းချခြင်း လုပ်ငန်းများ ရပ်ဆိုင်းခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများသာ ဆောင်ရွက်ခဲ့ပြီး ဝင်ငွေအနေဖြင့် အဆောက်အဦငှားခရငွေ၊ ပိုလျှံလုပ်ငန်းသုံးပစ္စည်းရောင်းချခြင်းမှ ရငွေများသာ ရှိခဲ့သည့်အတွက် အရှုံးဖြစ်ပေါ်ရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအဖြစ် စီးပွားရေးအဖွဲ့အစည်းအဖြစ်မှ ဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို လွှဲပြောင်းပေးလိုက်ခြင်းကြောင့် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်း ငွေစာရင်းတွင် အရှုံးအမြတ်ရေးဆွဲခြင်းမှ ကင်းလွတ်ရန် လိုအပ်ခြင်း၊ထုတ်လုပ်မှုလုပ်ငန်း မရှိတော့သည့်အတွက် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း အသွင်သဏ္ဍာန်မရှိတော့ခြင်း၊ ပုဂ္ဂလိကသို့ ဆားကွင်းများ လွှဲပြောင်းပြီးဖြစ်၍ ဆားအမျိုးမျိုး ထုတ်လုပ်မှုအတွက် လိုင်စင်ထုတ်ပေးခြင်း၊ နည်းပညာပေးခြင်း၊ စားသုံးရန်ဓာတ်ခွဲစမ်းသပ်ခြင်း၊ စက်မှုသုံးဆား၊ စားသုံးရန်ဆားများ လုံလောက်မှုရှိအောင် ထုတ်လုပ်စေခြင်း၊ အိုင်အိုဒင်းအာဟာရ ဖြည့်စွက်ထုတ်လုပ်မှုကို ကြီးကြပ်ခြင်း၊ ပုဂ္ဂလိကမှ ဆားထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းသည် ပြည်သူအားလုံးအတွက် ကျန်းမာရေးလုံခြုံမှု၊ ထိခိုက်မှု မရှိစေရန် ဦးစီးဌာနအသွင်ဖြင့် ပီပြင်စွာကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် ဆားလုပ်ငန်းဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုနှင့် သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးဝင်းတင့်(ငြိမ်း) ကျောင်းသားတစ်ဦးအား ထောက်ပံ့ကြေးပေးအပ်စဉ်။** (ကြေးမုံ)

## ရန်ကုန်မြောက်ပိုင်းခရိုင် ဆရာဝန်အသင်း ဖွဲ့စည်းမည်

**ရန်ကုန် စက်တင်ဘာ ၂၉။** ။မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ဆရာဝန်အသင်းဖွဲ့စည်းရေးကို အင်းစိန်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ မြောက်ပိုင်းခရိုင် မြို့နယ်များရှိ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သာယာဝတီခရိုင်ရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သာယာဝတီ စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအကြိုစုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို စက်တင်ဘာ ၁၄ ရက်က သာယာဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးရွှေသောင်းဦးစီး၍ တပ်ဖွဲ့ဝင် စာရေးဝန်ထမ်း ၇၈ ဦး၊ သာယာဝတီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၄၀ တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**(ခရိုင်ရဲတပ်ဖွဲ့)**



# ဝါးကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်ကြစို့ (၃)

ဒေါက်တာစန်းဝင်း
(သစ်တောတက္ကသိုလ်)

ဝါးကဏ္ဍဖွံ့ဖြိုးစေသည့် အဓိကအချက်မှာ ဝါးလုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်၍ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့ချရန် ကြိုးစားနေပါသည်။ ဝါးပင်သည် လျင်မြန်စွာ အကြီးထွားဆုံးသော အပင်မျိုး (The fastest growing plant in the world)ဖြစ်နေပြီး ဘက်စုံ (စားစရာ၊ နေစရာ၊ ဝတ်စရာ)အသုံးဝင်ကာ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင်လည်း ပေါက်ရောက်နိုင်စွမ်းရှိသဖြင့် ယင်းကို အခြေပြုကာ ကျေးလက်လူနေမှုမြင့်တင်နိုင်မည်၊ ဆိုရသော် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မည်ဟု သေချာစွာ ယုံကြည်နေ၍ဖြစ်ပါသည်။ ဝါးလုပ်ငန်းအခြေပြု ဆောင်ရွက်သဖြင့် တရုတ်နိုင်ငံ(တောင်ပိုင်း) Li An နှင့် An Ji စသောမြို့များမှ ကျေးလက်နေပြည်သူများ လူနေမှုဘဝတိုးတက်လာကြသည်ကို ကိုယ်တိုင်လေ့လာသိရှိခဲ့ရပါသည်။

သယံဇာတတိုင်းတွင် ကန့်သတ်ချက်များ ရှိတတ်ပါသည်။ ဥပမာ-သယံဇာတတစ်မျိုးသည် လွန်စွာအသုံးဝင်လာပါက ယင်းသယံဇာတ ရယူရန်အတွက် အချိန်ကြာရှည်စွာစောင့်ရခြင်း၊ အချို့သယံဇာတများသည် ပေါများသော်လည်း အသုံးဝင်မှုနည်းပါးခြင်း (သို့မဟုတ်) အသုံးတစ်ခုအတွက်သာ သင့်လျော်ခြင်း စသဖြင့် ကန့်သတ်ချက်များရှိကြပါသည်။ သို့သော်လည်း ဝါးပင်မှာမူ အချိန်တို သုံး၊ လေးနှစ်ဖြင့် သုံးနိုင်သော အဆင့်ရောက်ရှိခြင်း၊ ပေါများစွာ ပေါက်ရောက်ခြင်း၊ ဘက်စုံအသုံးဝင်ခြင်းတို့နှင့် ပြည့်စုံပေသည်။ အပူပိုင်းဒေသ နိုင်ငံတိုင်းတွင် ဝါးနှင့် ကင်းလွတ်သော ကျေးလက်ဒေသဟူ၍ မရှိချေ။

ယခုအကြိမ်တွင် တရုတ်နိုင်ငံ၏ ဝါးလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့သော မူဝါဒဆိုင်ရာ ပြုပြင်မှုများကို ဖော်ပြပါဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူ တရုတ်ပါမောက္ခတစ်ဦး၏ တင်ပြချက်နှင့် မိမိအတွေ့အကြုံကို အခြေခံကာ မျှဝေတင်ပြအပ်ပါသည်။

တရုတ်ပြည်မှာ ဝါးတောဧရိယာ ဧက ၁၅ သန်းကျော်ရှိပြီး ထိုအထဲတွင် စီးပွားဖြစ် စိုက်ပျိုးထားသော ဝါးမျိုးမှာ Moso ဝါး (Phyllostachy puhescence) ပဲ ဖြစ်ပါသည်။ Moso ဝါးသည် တစ်ပင်ချင်းပေါက်သော (Monopodial) ဝါးမျိုးဖြစ်ပြီး အလုံးအဖန်မှာ မြန်မာနိုင်ငံရှိ ဝါးပိုးဝါး၊ ဝါးပိုးမျက်ဆံကျယ် ဝါးလောက်ပဲ ဖြစ်ပါသည်။ အရှည်မှာ မီတာ ၃၀ (ပေ ၉၀)ထိ ရှိပါသည်။

တရုတ်ပါမောက္ခ၏ စဉ်ဆက်မပြတ် ဝါးတောများ ရှိစေရေးအတွက် ငွေကြေးဆိုင်ရာမူဝါဒများတွင် ငွေကြေးထောက်ပံ့ပေးမှု မူဝါဒမှာ နှစ်ပိုင်းရှိပါသည်။ တစ်ပိုင်းမှာ ဗဟိုအစိုးရ၏ ထောက်ပံ့ပေးမှုနှင့် ကျန်တစ်ပိုင်းမှာ သက်ဆိုင်ရာဒေသ အစိုးရများ၏ ထောက်ပံ့ပေးသော မူဝါဒဖြစ်ပါသည်။ ဝါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဗဟိုအစိုးရက မူဝါဒ (၄)ရပ်ချမှတ်ထားသည်ကို လေ့လာရပါသည်။

ဗဟိုအစိုးရ၏မူဝါဒများတွင် ဂေဟစနစ်အတွက် အထောက်အပံ့ပေးခြင်း မူဝါဒပါဝင်ပြီး ဝါးစိုက်ပျိုးခြင်းကြောင့် ဂေဟစနစ်ကောင်းမွန်ရေး (ရေသန့်၊ လေသန့်၊ မြေဆီလွှာတိုက်စားမှု လျော့ပါးစေခြင်း)အထောက်အကူပြုသဖြင့် ယင်းဂေဟစနစ် ကောင်းမွန်စေသောကိစ္စအတွက် ထောက်ပံ့ငွေမှာ ၂၀၀၀-၂၀၀၇ ခုနှစ်အတွင်း တစ်နှစ်မှာ တစ်ဟက်တာ (၂ ဒသမ ၄၇၁ ဧက)ကို အစိုးရက ၇၅ ယွမ်ပေးပါသည်။ US တစ်ဒေါ်လာ = ခြောက်ယွမ်နှုန်းဆိုလျှင် တစ်ဧက ငါးဒေါ်လာနှုန်းဝန်းကျင် (ကျပ် ၅၀၀၀)ဝန်းကျင် ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။ ၂၀၀၈-၂၀၁၁ ကျတော့ ဝါးစိုက်သူကို တစ်ဟက်တာ ယွမ် ၁၅၀ အထိတိုးပေးပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် တစ်ဟက်တာ ယွမ် ၃၀၀ အထိ တိုးပေးသည်ဟု သိရှိရပါသည်။

> ***သဘာဝ ဝါးတောများရှိသော်လည်း မြန်မြန်ဆန်ဆန် အရည်အသွေးမီ ဝါးများရရှိစေရန် ဝါးစိုက်ပျိုးခြင်းလုပ်ငန်းကို အသေအချာ အားပေးဆောင်ရွက်သင့်။***

ဒုတိယမူဝါဒမှာ ဗဟိုသစ်တောပြန်လည်ပြုစုပျိုးထောင်ရေး ရင်းနှီးမြှုပ်နှံမှုထောက်ပံ့ပေးခြင်းမူဝါဒဖြစ်ပြီး ထိုမူဝါဒအရ ၂၀၁၂ ခုနှစ်မတိုင်မီ ဝါးစိုက်ပျိုးသူကို ဗဟိုအစိုးရက တစ်ဟက်တာ ယွမ် ၃၀၀၀ ထောက်ပံ့ပေးပြီး ၂၀၁၂ နောက်ပိုင်းမှာ ယွမ် ၄၅၀၀ အထိပေးပါသည်။ တစ်ဧကကို ကျပ် နှစ်သိန်းမှ သုံးသိန်း ထောက်ပံ့သည့်သဘောဖြစ်ပါသည်။

တတိယမူဝါဒမှာ လယ်ယာမြေများကို သစ်တောမြေအဖြစ် ပြန်လည်လုပ်ဆောင်ရေးမူဝါဒဖြစ်ပြီး ဤမူဝါဒအရ ၁၉၉၈-၂၀၀၆ ခုနှစ်မှာ လယ်ယာစိုက် တစ်ဟက်တာကို သစ်တော(ဝါးအပါအဝင်) ပြန်တည်ထောင်စိုက်ပျိုးလျှင် ဆန်နှင့် ယွမ် ၃၀၀ ထောက်ပံ့ကြောင်း၊ ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် တစ်ဟက်တာ ၁၈၇၅ ယွမ်ပေးရကြောင်း သိရပါသည်။ ယင်းငွေများကို ငါးနှစ်အတွင်း ပြန်လည်ပေးဆပ်ရန် မလိုကြောင်းလည်း သိရပါသည်။

စတုတ္ထမူဝါဒမှာ တရုတ်နိုင်ငံသည် ဝါးထွက်ကုန်အပေါ်တွင် အခွန်ပေးဆောင်ရမှု ကင်းလွတ်ခွင့်ပေးထားပါသည်။ ထို့အပြင် ဒေသအဆင့် ထောက်ပံ့ပေးအပ်ခြင်းမူဝါဒလည်းရှိပါသည်။ Fuyan နှင့် Zhe Jiang ပြည်နယ်များတွင် ဝါးစိုက်ခင်းမှ မျှစ်အထွက်တိုးစေရန်အတွက် တစ်ဟက်တာကို ၂၀၁၂ ခုနှစ်က ယွမ် ၄၅၀၀ ပေးခဲ့ပြီး Hangzhou ပြည်နယ်တွင် ၂၀၀၀- ၂၀၁၁ (၁၀)နှစ်အတွင်း တစ်နှစ် တစ်ဟက်တာ ယွမ် ၁၈၀၀ ပေးခဲ့ကြောင်း သိရပါသည်။ Bamboo afforestation investment subsidies ကို ဒေသအစိုးရအဆင့်မှ တစ်ဟက်တာကို ၂၀၁၂ မတိုင်မီက ယွမ် ၇၅၀၀ ပေးခဲ့ပြီး ၂၀၁၂ နောက်ပိုင်းတွင် ယွမ် ၁၂၀၀၀ အထိပေးခဲ့ပါသည်။

ယင်းအပြင် ဝါးစိုက်သူများ ဝါးထုတ်လုပ်သယ်ပို့ရေး လွယ်ကူစေရန်အတွက် တောတွင်းလမ်းဖောက်လုပ်ခြင်းကို တစ်ကီလိုမီတာအတွက် ၂၀၀၈ ခုနှစ်က တစ်နှစ်ကို ယွမ် ၁၅၀၀၀ ပေးခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ယွမ်နှစ်သောင်းနှင့် ၂၀၁၀ နောက်ပိုင်းတွင် ယွမ်လေးသောင်းအထိ ပေးခဲ့သည်ဟု သိရပါသည်။

အကယ်၍ တောတွင်း၌ ရေကန်ငယ်/ဆည် အသေးစားတည်ဆောက်ပါက ရေကန်ထုသည် ၂၀ Cu-m တိုင်းအတွက် ၂၀၀၈-၂၀၁၁ ခုနှစ်အတွင်းက ယွမ် ၁၅၀၀၀ နှင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ယွမ် သုံးသောင်းအထိ ထောက်ပံ့ပေးသည်ဟု သိရပါသည်။

ဝါးစက်မှုလုပ်ငန်းများ လုပ်ဆောင်သူများအတွက် ထုတ်ကုန်အမယ်သစ်ထုတ်လုပ်သော ကုမ္ပဏီအတွက် ပထမ သုံးနှစ်အတွက် အကောက်အခွန်ပေးရခြင်းမှ ကင်းလွတ်ခွင့်ပြုထားပြီး ငွေချေးဆောင်ရွက်မည်ဆိုပါက တစ်နှစ် သုံးရာခိုင်နှုန်းသာ ယူသည်ဟု သိရပါသည်။ ယင်းအပြင် စက်မှုဇုန်အတွက် မြေကို သက်သာနှုန်းဖြင့် ဝယ်ခွင့်ပေးခြင်းတို့ ခွင့်ပြုပေးထားတယ်လို့ သိရှိရပါသည်။

ယခုလိုထိရောက်သော ပံ့ပိုးမှု၊ သိသာသော ပြောင်းလဲမှုများကြောင့် ဝါးလုပ်ငန်းရှင်သန်ဖွံ့ဖြိုးလာသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

ဝါး Export ဝင်ငွေသည် ၂၀၀၁ ခုနှစ်တွင် US $ ၄၀၀ ခန့်မှနေပြီး တဖြည်းဖြည်းတက်လာကာ ၂၀၀၄-၂၀၀၅ မှ US$ တစ်ဘီလီယံထိ ကျော်လာပါသည်။ ၂၀၀၉ ခုနှစ်တွင် US$ ၁ ဒသမ ၅ ဘီလီယံ အထိ တိုးလာကာ ၂၀၁၂ မှာ ၁ ဒသမ ၉၅ ဘီလီယံအထိ ရောက်လာတာ ဖြစ်ပါသည်။ ဝါးလုပ်ငန်းမှာ လူပေါင်း သန်း ၆၀ လောက် ဝင်ရောက် လုပ်ကိုင်နေကြပြီး ယင်းအထဲမှာ ရှစ်သန်းလောက်မှာ ဝါးအခြေပြု စက်မှုလုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်နေကြပါသည်။

ဝါးကုန်ကြမ်းထုတ်လုပ်မှုအနေဖြင့် တစ်နှစ်ကို ဝါးလုံးရေ သန်း ၂၀၀၀ ထုတ်လုပ်ပြီး မျှစ် (Fresh Bamboo Shoot) တန် လေးသန်း ထုတ်လုပ်နိုင်ကာ ဝါးပါကေး ၂၃ ဒသမ ၃ Cu-m (Million) ထုတ်လုပ်နေပါသည်။ ဝါးလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်နေသော ကုမ္ပဏီကြီးပေါင်း ၄၀ ကျော်ရှိနေပါသည်။

ဝါးထွက်ပစ္စည်းများအနေဖြင့် ပါကေး၊ ပရိဘောဂ၊ မျှစ်၊ စက္ကူ၊ ဝါးမီးသွေး၊ ဝါးဖျာ၊ ဝါးမှပြုလုပ်သော အဝတ်အထည်မှအစ ကျန်းမာရေးအတွက် ဆေးတောင့်များ ထုတ်လုပ်သည်အထိ စုံလင်လှပါသည်။

ဤတိုးတက်မှုအပေါ် သုံးသပ်ရလျှင် တရုတ်ပြည်သည် ၂၀ ရာစုနှစ်နှောင်းပိုင်းမှ တံခါးဖွင့်စီးပွားရေးမူဝါဒကျင့်သုံးခဲ့သော်လည်း ၂၀ ရာစုနှစ် အစပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်သော ပံ့ပိုးမှုကို ပေးနိုင်လောက်အောင် စီးပွားရေးကောင်းလာသည်ကို တွေ့နိုင်ပါသည်။ နိုင်ငံအချင်းချင်း အကူအညီပေးသည့်နေရာတွင်လည်း ဥရောပနိုင်ငံအချို့၊ အာရှ၊ အာဖရိက၊ အမေရိကတိုက်ရှိ နိုင်ငံများကို ငွေကြေးအကူအညီပေးနေသည်ကိုလည်း သိရပါသည်။ အထက်ပါ ဝါးစိုက်တောင်သူ ပံ့ပိုးပေးသော ပမာဏကိုကြည့်လျှင် တစ်ဧကကို မြန်မာငွေ ခုနစ်သိန်းကျော်ကျော်လောက် ထောက်ပံ့ပေးနိုင်ခဲ့သည်ကို တွေ့ရပါသည်။

**မြန်မာ့ဝါးလုပ်ငန်း**

မြန်မာနိုင်ငံ၏ ဝါးလုပ်ငန်းကို မတင်ပြမီ ဝါးနှင့်ပတ်သက်ပြီး သစ်တောဥပဒေက ဆိုလိုတာကို အရင်တင်ပြလိုပါသည်။ ၁၉၉၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော သစ်တောဥပဒေ (၁၉၉၂)မှာ ဝါးကို သစ်ပင်အနေဖြင့် ခွဲခြားသတ်မှတ်ထားတာ တွေ့နိုင်ပါသည်။ အလားတူ ၁၈၈၁ မြန်မာ့သစ်တောဥပဒေ၊ ၁၉၀၂ မြန်မာ့သစ်တောဥပဒေ နှင့် ၁၉၂၇ အိန္ဒိယသစ်တောဥပဒေတွေမှာ ဝါးပင်ကို သစ်ပင်အမျိုးအစားထဲ ထည့်သွင်းထားတာ တွေ့ရပါသည်။

ဥပဒေကြောင်းနှင့် ဆက်ပြောရလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄(က)မှာ ကျွန်းနှင့် သစ်မာကလွဲ၍ ကျန်အသေးအဖွဲ့သစ်တောထွက်ပစ္စည်းများကို သက်ဆိုင်ရာ ဒေသအစိုးရများက အခွန်တော်ကောက်ယူခြင်းလုပ်ပိုင်ခွင့်ပေးထားပါသည်။

ဝါးပင်ကို သစ်ပင်အမျိုးအစားထဲ ထည့်သွင်းသည့်ကိစ္စနှင့်ပတ်သက်၍ သိပ္ပံပညာဆိုင်ရာ အပင်မျိုးခွဲခြားမှုနှင့် ကွာခြားနေပါသည်။ သိပ္ပံနည်းကျ အပင်မျိုးခွဲခြားမှုမှာ ဝါးသည် မြက်မျိုးရင်းပင်ဖြစ်ပါသည်။

မြက်မျိုးရင်းဝင်ပင်ကို သစ်ပင်စာရင်းမှာ သွင်းထားရခြင်း အကြောင်းအမျိုးမျိုးရှိနိုင်ပါသည်။ ဖြစ်နိုင်သည့်အချက်မှာ ဝါးသည် ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတဖြစ်သော်လည်း အပင်မျိုးပျောက်ကွယ်မသွားစေရန်အတွက် ရေရှည်တည်တံ့မှုကို စဉ်းစားပြီး သစ်ပင်ကဲ့သို့ နှစ်စဉ်ထွက်ရှိနိုင်မည့် ပမာဏထက် မကျော်ဘဲ ထုတ်လုပ်သွားနိုင်စေရန်အတွက် စီမံအုပ်ချုပ်မှု ရှုထောင့်ကကြည့်ပြီး ဆောင်ရွက်ထားခြင်း ဖြစ်နိုင်ပါသည်။ ထို့အပြင် ဝါးမှ အခွန်တော်ရစေရန် ရည်ရွယ်ထားခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့သော်လည်း ယခုအခါ ဝါးကို စီးပွားဖြစ် စိုက်ပျိုးရောင်းချသူများရှိလာရာ ထိုဥပဒေအရ ကိုယ်ပိုင်စိုက်ပြီး ရောင်းပြန်လျှင် အခွန်ဆောင်ရန် လိုအပ်နေသလို ဖြစ်နေပါသည်။ ဝါးကို ပုဂ္ဂလိကပိုင်းမှ အဓိကစိုက်ပျိုးသော ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များ၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်း၊ မြန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်ရှိ ကျေးရွာများ ဖြစ်ပါသည်။

ကော့မှူးမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များသို့ ဝါးယားနှင့် ထီးရိုးဝါးပံ့ပိုးနေသည့် မြို့ဖြစ်သည်။ ငြမ်းဆင်သည့်ဝါးများသည် အများအားဖြင့် ဝါးယားများဖြစ်ကြပါသည်။ ထိုဝါးမျိုးသည် ကွေးညွတ်ခြင်းဒဏ်ခံနိုင်ရည်ရှိပါသည်။

**ကျေးလက်ဒေသတွင် ဝါးခုတ်ယူနေမှု**

အသေးအဖွဲ့သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်အရ ကျေးလက်ပြည်သူများသည် ဝါး၊ ကြိမ် စသည့်ပစ္စည်းများကို အသေးအဖွဲ့သစ်တောထွက်ပစ္စည်း လက်မှတ်ဖြတ်ကာ ထုတ်ယူပြီး အိမ်သုံးပစ္စည်းအဖြစ် သုံးစွဲနိုင်ပါသည်။ သို့သော်လည်း စီးပွားဖြစ်ထုတ်ယူသူအတွက် ဝါးခုတ်ခွင့်လိုင်စင်ကို ရယူပြီး ဝါးကုန်သည်များက ခုတ်ယူနေသည်ကို တွေ့ရပါသည်။ ကျေးလက်သဘာဝမှာ ဆင်းရဲသူများ ဝါးဖိုးကြိုတင်ငွေယူထားလေ့ရှိသည့်အတွက် ဝါးစုသိမ်းခွင့်လိုင်စင်ရသူက ဝါးခုတ်သားများကို ကြိုတင်ငွေ ထုတ်ချေးထားရပါသည်။ မိုးတွင်းဝါးခုတ်လျှင် ပေးသွင်းသည့် ဝါးလုံးရေအပေါ်တွင် ကြိုတင်ယူထားငွေကို ခုနှိမ်သွားတာမျိုးဖြစ်ပါသည်။ တချို့လည်း ဝါး လာမသွင်းကြ၊ တချို့လည်း တစ်ဝက်တစ်ပျက်သာ လာသွင်းကြ၍ ဆုံးရှုံးမှုတွေရှိတတ်ပါသည်။

**ဖြစ်သင့်သောလမ်းကြောင်း**

တကယ်တမ်းဖြစ်ရမည့်လမ်းကြောင်းမှာ ဝါးစုသိမ်းခွင့်ရသူထဲက ဝါးကို ရက်လုပ်မည့်သူက အလုံး ၅၀၀၊ ၁၀၀၀ စသဖြင့် ဝယ်ယူသည့်အခါ လိုင်စင်ပိုင်ရှင်က မိမိစုဆောင်းခွင့်အရ ထုတ်လုပ်ထားသော ဝါးလုံးရေပမာဏထဲက ထပ်ဆင့်ရောင်းချသည့် ဝါးလုံးရေကို ခုနှိမ်ပြီး ဘီလ်ခွဲထုတ်ပေး၊ ရက်လုပ်သူက ပစ္စည်းထုတ်လုပ်ပြီး ယင်းပစ္စည်းကို လုပ်ငန်းရှင်က ဝယ်ယူသည့်အခါမှာတွင် အချောထည်ပစ္စည်းနှင့်အတူ ပစ္စည်းထုတ်လုပ်စဉ်က သုံးစွဲခဲ့ရသည့် ဝါးလုံးရေပမာဏပါ ဖော်ပြကာ ဘီလ်ကိုပါ လွှဲပြောင်းပေးရမည်ဖြစ်သည်။

လက်ရှိအနေအထားမှာ ဝါး/ကြိမ်ထွက်ပစ္စည်း တင်ပို့လုပ်ဆောင်သူများသည် အဝယ်လိုက်သော ပုံစံ အသုံးအဆောင်ပစ္စည်းများကို ရက်လုပ်သူများအား အမှာပေးပို့ပြီး ထွက်ရှိလာသော တစ်ဝက်တစ်ပျက် ကုန်ချော/ကုန်ချောများ ပြန်လည်ဝယ်ယူတင်ပို့နေသည့် အကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် ပို့ကုန်လုပ်ငန်းက တင်ပို့သည့်အခါ ဝါးထွက်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုခဲ့ရသည့်ဝါးအတွက် ဝါးထုတ်လုပ်ခွင့်ရသူ (ဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားသူ)ထံက ထုတ်လုပ်ခွင့် ဘီလ်ပြေစာဝယ်ယူပြသနေရကြောင်း သိရပါသည်။

သဘာဝဝါးတောမှ ထုတ်ယူသုံးစွဲနေသော ဝါးများအတွက် သစ်တောဦးစီးဌာနကို ဝါးအခွန်တော် မပျက်မကွက်ပေးသင့်ပါသည်။ သို့မှသာ ဝါးတော၏ ရေရှည်တည်တံ့ရေးစောင့်ရှောက်ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။

သို့သော်လည်း မိမိဘာသာ ဝါးစိုက်ပျိုး ထုတ်လုပ်ရောင်းချသူကိုလည်း ထုတ်လုပ်ရောင်းချမှုအပေါ် ဝါးအခွန်တော် ကောက်ယူနေသည်များရှိခဲ့လျှင် မကောက်သင့်ပါဟု မြင်ပါသည်။ အမှန်မှာ (ဝါးစိုက်ပျိုးသူ) ဝါးစိုက်လို့ ဂေဟစနစ်ဆိုင်ရာ ပံ့ပိုးမှုများ (လေသန့်၊ ရေသန့်၊ မြေဆီဩဇာအတွက် ဝါးရွက်ပံ့ပိုးမှုစသည်) လုပ်ဆောင်ပေး၍ ပံ့ပိုးငွေ ပေးရဦးမည်ဖြစ်သည်။

သို့သော် သဘာဝတောက ဝါးခုတ်နေခွင့် လိုင်စင်ရသူက ဝါးအခွန်တော် ပေးဆောင်ပြီးလျှင် ဝါးအချောထည်ပြုလုပ်၊ တင်ပို့သည့်အခါ ထပ်မံပြီး ဝါးအခွန်မကောက်သင့်ပါ။ သို့သော်လည်း အခြားကုန်သွယ်ခွန်၊ ဝင်ငွေခွန်စသည်တို့ကို ဥပဒေအတိုင်း ပေးသွင်းဆောင်ရွက်ရမည်ဖြစ်သည်။ မကြာမီက သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကြိမ်ဝါးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဝါးထုတ်လုပ်သူ၊ အချောထည်ပြုလုပ်သူနှင့် တင်ပို့သူတို့ ပေါင်းစပ်စေကာ ဆောင်ရွက်စေရန် ဆွေးနွေးကြကြောင်း သိရပါသည်။ အနာဂတ်တွင် ဝါးလုပ်ငန်း တိုးတက်ရန် အလားအလာကောင်းနေပါသည်။

ယခုအခါ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ တိုင်းပြည်များနှင့် စီးပွားရေးပွင့်လင်းမှု ဆက်သွယ်ရေး ကူးလူးဆောင်ရွက်လာကြသလို SME ကို အားပေးနေသော အခါလည်းဖြစ်ကာ မိမိနိုင်ငံတွင်းမှာလည်း ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေးဆောင်ရွက်နေခြင်းကြောင့် ဝါးလုပ်ငန်း၊ ကြိမ်လုပ်ငန်းစသည့် ကျေးလက်ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သော အသေးအဖွဲ့ သစ်တောထွက် သယံဇာတဧရိယာများ ပိုမိုတိုးပွားလာအောင်နှင့် ယင်းသယံဇာတများကို အသုံးချပြီး ကျေးလက်ဝင်ငွေတိုးလာအောင် လုပ်ကိုင်နိုင်သည့်ဘက်မှ ထိထိရောက်ရောက် ဖြေလျှော့မှုများ မြန်မြန်ဆန်ဆန် လုပ်ဆောင်သင့်ပါသည်။

ကြိမ်ဝါးအခြေခံထုတ်လုပ်ထားသောပစ္စည်းများအတွက် အားတက်စရာကောင်းသော အလားအလာ တစ်ခုမှာ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ပလတ်စတစ်ကို လျှော့သုံးပြီး ဆွေးမြည့်ပျက်စီးသွားပါက မြေဩဇာပြန်ဖြစ်စေသော ပစ္စည်းများသုံးကြရန် တိုက်တွန်းလာခြင်းကြောင့် ကြိမ်၊ ဝါးပစ္စည်းများ ပိုတွင်ကျယ်လာမည်ဟု ခန့်မှန်းရပါသည်။ မြန်မာ့သစ်တောအုပ်ချုပ်မှုမပျက်ဘဲ နှစ်စဉ်ထုတ်ယူနိုင်သော သစ်ထုထည် သတ်မှတ်ပြီး စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်မှု အခြေခံမှုဖြင့် သတ်မှတ်အုပ်ချုပ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် နိုင်ငံအတွက် သစ်မှရမည့် ဝင်ငွေ လျော့နည်းလာသော် ဝါး၊ ကြိမ်တို့က အထိုက်အလျောက် သစ်တောကဏ္ဍ ဝင်ငွေ ဖြည့်ဆည်းရှာဖွေပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ သစ်တောဧရိယာများမှာ သဘာဝဝါးတောများရှိသော်လည်း မြန်မြန်ဆန်ဆန် အရည်အသွေးမီ ဝါးများရရှိစေရန် ဝါးစိုက်ပျိုးခြင်းလုပ်ငန်းကို အသေအချာ အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုပါသည်။ ပထမအဆင့်အနေဖြင့် ဝါးစိုက်ပျိုးခြင်းကို အားပေးပြီးနောက် ဒုတိယအဆင့်အနေဖြင့် ဝါးထွက်ပစ္စည်းတိုးတက်လာရန်အတွက် လက်တွေ့သုံးနိုင်သော သင်တန်းများ ပေးသင့်ကာ တတိယအဆင့်အနေဖြင့် ဈေးကွက်ရှာပေးပြီး ဖွံ့ဖြိုးလာအောင်ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်လာပါက ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရလာကာ လူမှုဘဝပိုမိုတင့်တယ်လာ နိုင်ပါကြောင်း တင်ပြရပေသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြေးဆွဲရထားများ သတ်မှတ်ချိန်အတွင်း အချိန်မှန်ရောက်ရှိရေးအတွက် စက်ခေါင်းများ ကောင်းမွန်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရထားပို့ဆောင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဖြေကြားခဲ့သည်။

ပထမမေးခွန်းဖြစ်သည့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **"ဆိုင်ကယ်လိုင်စင်ကို အလွယ်တကူပြုလုပ်နိုင်ရေးနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ အလိုအလျောက်ကွယ်ပျောက်ရေး မည်ကဲ့သို့စီစဉ်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး One Stop Service စနစ်ဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၄ ရက်ထိ နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

One Stop Service ကို ယခုဆောင်ရွက်ပြီးစီးသွားသည့် အကြိမ်သည် နောက်ဆုံးအကြိမ် ပြုလုပ်ပေးခြင်းဖြစ်ပြီး ထပ်မံပြုလုပ်ပေးရန် အစီအစဉ်မရှိတော့ပါကြောင်း၊ စီမံချက်ကာလ ပြီးဆုံးသွားပြီဖြစ်၍ တည်ဆဲဥပဒေများကို လေးစားလိုက်နာစေရန်အတွက် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုက်ရိုက် တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ပြီး မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်အဖြစ် စိစစ်တွေ့ရှိပါက ဒေသပေါက်ဈေး၏ (၅၀)ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းတန်ဖိုးထက်မနည်းသော ဒဏ်ကြေးကို သက်ဆိုင်ရာအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ကောက်ခံ၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင် ဖောက်ဖျက်ကျူးလွန်ပါက (သို့မဟုတ်) လိုက်နာရန် ပျက်ကွက်ပါက တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရ ထိုသူကို ငွေဒဏ်အနည်းဆုံးကျပ်(၃၀၀၀၀)၊ အများဆုံးကျပ်(၁၀၀၀၀၀)ချမှတ်ခြင်းခံရမည်ဖြစ်ပါကြောင်း၊ မြင့်မားသော ဒဏ်ကြေးငွေများ တပ်ရိုက်စစ်ဆေးနေခြင်းသည် ပြည်သူများထံမှ ငွေရှာနေခြင်းမဟုတ်ဘဲ အများပြည်သူအနေဖြင့် ဥပဒေလိုက်နာသည့် အလေ့အကျင့်ကောင်းများ မွေးမြူနိုင်ရန်၊ တရားဝင် နည်းလမ်းဖြင့် မော်တော်ဆိုင်ကယ်များ တင်သွင်းလာစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာပြီး ယာဉ်တိုက်ခိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေရန်နှင့် ယာဉ်အန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ပျော်ဘွယ်မြို့နေ ပြည်သူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သင်တန်းများ ဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း၊ ယာဉ်လိုင်စင် သက်တမ်းတိုးခြင်းကိစ္စများကို နယ်လှည့်(ရွေ့လျား) စနစ်ဖြင့် လိုအပ်ချက်နှင့် လုပ်ငန်းပမာဏအပေါ် မူတည်ပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာဒေသတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပစေလိုကြောင်း ညှိနှိုင်းအကြောင်းကြားလာပါလျှင် ဆီလျော်သောအရေအတွက် တက်ရောက်နိုင်ရန်စီစဉ်ပေးပါက အတတ်နိုင်ဆုံး ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။



ဒုတိယဝန်ကြီး ဦးမြင့်သိန်း။



ဗိုလ်မှူးခင်စိုး။

မော်တော်ဆိုင်ကယ်များ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်များ လျှောက်ထားရယူရာတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်လျှောက်ထားရယူရခြင်းမှ ယခုအခါ ဆိုင်ကယ်တင်သွင်းမှုများ ပိုမိုမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာ နယ်စပ်စခန်းများမှ (ရုံးချုပ်)သို့ ကြေးနန်းဖြင့် တင်ပြခွင့်ပြုချက်ရယူစေကာ နယ်စပ်စခန်းများတွင်ပင် ဆိုင်ကယ်တင်သွင်းခွင့် လိုင်စင်များကို ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်မြန်စွာ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းဖြစ်သည့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်စိုး၏ **"မန္တလေး-မြစ်ကြီးနား မီးရထားလမ်းအား အဆင့်မြှင့်တင်ရန်နှင့် ရထားစက်ခေါင်း၊ လူစီးတွဲများ အရည်အသွေးပြည့်မီစေရန် မည်ကဲ့သို့ စီမံထားရှိသည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေး-မြစ်ကြီးနားလမ်းအပိုင်းကို ကြံ့ခိုင်တောင့်တင်းစေရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ကွန်ကရစ်ဇလီဖားတုံးဖြည့်တင်းခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ခရီးမိုင်(၃၃၇)မိုင်အနက် (၂၅၆)မိုင်ခန့်မှာ ကြံ့ခိုင်မှုရရှိပြီးဖြစ်၍ ကျန်(၈၁)မိုင်ခန့်အား ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပြေးဆွဲရထားများရှိ တွဲများခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းကိစ္စရပ်များ လျော့နည်းပပျောက်စေရန်နှင့် ခရီးသည်များ သက်သာ၊ ငြိမ့်ညောင်း၊ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှု ဖော်ပြချက် Expression of Interest (E.O.I) ခေါ်ယူထားပြီးဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားအစီအစဉ်ဖြင့် ရေတိုဆောင်ရွက်နေသကဲ့သို့ ရေရှည်မျှော်မှန်း၍ ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ရန် ညှိနှိုင်းပြီးဖြစ်ရာ ကိုရီးယားနိုင်ငံမှ ပညာရှင်များလာရောက်၍ ဖြစ်မြောက်နိုင်ခြေလေ့လာမှုကို လုပ်ဆောင်မည်ဖြစ်ပြီး အစီရင်ခံစာထွက်ရှိလာပါက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြေးဆွဲရထားများသတ်မှတ်ချိန်အတွင်း အချိန်မှန်ရောက်ရှိရေးအတွက် စက်ခေါင်းများ ကောင်းမွန်ရေးသည်လည်း အဓိကကျသည်ဖြစ်ရာ ရွာထောင်ဒီဇယ်စက်ခေါင်းရုံနှင့် အင်းစိန်စက်ခေါင်းရုံတို့မှ အကြီးတန်းပြုပြင်ပြီးစီးသည့် စက်ခေါင်းများဖြင့် အစားထိုးပြေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ခေါင်းအသစ်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် နေပြည်တော်တွင် စက်ခေါင်းသစ်တည်ဆောက်ရေး စက်ရုံတည်ဆောက်၍ တစ်နှစ်လျှင် စက်ခေါင်းသစ် (၂၀) ထုတ်လုပ်ကာ စက်ခေါင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်း၊ စက်ခေါင်းရုံမပြီးသေးမီ နိုင်ငံပိုင် နိုင်ငံခြားငွေဖြင့်လည်း စက်ခေါင်းအသစ် (၁၁)ခေါင်းကို တင်ဒါခေါ်ယူဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး-မြစ်ကြီးနားလမ်းအပိုင်းတွင် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ တွဲများကောင်းမွန်သန့်ရှင်းရေး၊ ရေ၊ မီးပြည့်စုံရေးစသည့် ဝန်ဆောင်မှုတိုးမြှင့်ရေးအတွက် မန္တလေး-မြစ်ကြီးနား ပြေးဆွဲသည့် အမှတ်(၅၅)အဆန်၊ အမှတ်(၅၆)အစုန်၊ အမှတ်(၃၇)အဆန်၊ အမှတ်(၃၈) အစုန် ရထားတွဲဆိုင်းများကို ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီသို့ တွဲထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများအတွက် ကန်ထရိုက်စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်း စင်းလုံးငှားစနစ်ဖြင့် ဝန်ဆောင်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ အမှတ်(၃၇)အဆန်နှင့် အမှတ်(၃၈)အစုန် အမြန်ရထားတွဲဆိုင်း(၂)ဆိုင်းအား တင်ဒါအောင်မြင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်သို့ ရထားတွဲဆိုင်းများ အပ်နှံ၍ ဝန်ဆောင်မှုအပြည့်ဖြင့် ဆောင်ရွက်စေရန် စီစဉ်ထားရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ဆောင်ရွက်လိုပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်ရှည်မြေငှားရမ်းသည့်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ခွင့်ပြုလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့် လျှောက်ထားခြင်း၊ စစ်ဆေးတင်ပြခြင်း၊ ခွင့်ပြုပေးခြင်းများကို Online မှတစ်ဆင့် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်သွားမည်ဖြစ်ပြီး လုပ်ငန်းအဆင့်များကို လျှော့ချ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **"ပုဂ္ဂလိကအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်ပင်များစိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ ထည့်သွင်းရှင်းလင်းခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ကို လျှောက်ထားချိန်မှ ခွင့်ပြုချိန်အထိ ကျွန်းစိုက်ခင်းဖြစ်ပါက (၂)လမှ (၃)လအထိ ကြာမြင့်ပြီး သစ်မာစိုက်ခင်းနှင့် ရော်ဘာ၊ ဆီအုန်းစသည့် စက်မှုစိုက်ခင်းများအတွက် (၁)လမှ (၂)လအထိကြာမြင့်ပါကြောင်း၊ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ဆောင်ရွက်



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်။

လိုပါက ဝန်ကြီးဌာနအနေဖြင့် ကျွန်းစိုက်ခင်းများအား ဧက(၅၀၀)ထိ လည်းကောင်း၊ သစ်မာမျိုးစုံစိုက်ခင်းများအား ဧက(၁၀၀)ထိ လည်းကောင်း၊ ရော်ဘာနှင့်ဆီအုန်း စက်မှု စိုက်ခင်းများအား ဧက(၂၀၀)ထိလည်းကောင်း စနစ်တကျစိစစ်ပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်ရှည်မြေငှားရမ်းသည့်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ခွင့်ပြုလျက်ရှိပါကြောင်း။

ပုဂ္ဂလိက သစ်တောစိုက်ခင်း



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်။

တည်ထောင်ခွင့် လျှောက်ထားရာ၌ လျှောက်ထားသူတွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံနိုင်သော ငွေကြေးပိုင်ဆိုင်မှု အထောက်အထားများ ရှိ/မရှိ၊ မြေနေရာဦးလို၍မဟုတ်ဘဲ အမှန်တကယ်စိုက်ပျိုးလိုခြင်း ရှိ/ မရှိ၊ သစ်တောလုပ်ငန်း/ သစ်တောကဏ္ဍနှင့် ဆက်နွယ်သော လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်ဝန်ထမ်းလုပ်သားများ ရှိ/ မရှိကို စိစစ်ပါကြောင်း၊ လျှောက်ထားသည့် မြေနေရာနှင့်ပတ်သက်၍လည်း စိုက်ခင်းတည်ထောင်ရန် သတ်မှတ်ထားသော အလုပ်တိုက်နယ်အတွင်းပါဝင်ခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသောပုဂ္ဂလိကစိုက်ခင်းဇုန်အတွင်း ကျရောက်မှု ရှိ/ မရှိ၊ အရေးကြီးဆည်နှင့် ရေလှောင်တမံများ၏ ရေဝေရေလဲဧရိယာနှင့် လွတ်ကင်းမှု ရှိ/ မရှိ၊ မူလတောအခြေအနေအရ သစ်ပင်ပြန်လည်စိုက်ပျိုးရန် လိုအပ်ခြင်း ရှိ/ မရှိ၊ ဌာနစိုက်ခင်းနှင့် အခြားသစ်တောလုပ်ငန်းများဆောင်ရွက်ထားသည့် မြေနေရာနှင့် ကင်းလွတ်မှု ရှိ/ မရှိ၊ စိုက်ပျိုးလိုသည့် သစ်မျိုးနှင့်မြေအမျိုးအစားကိုက်ညီမှု ရှိ/ မရှိ၊ ကျူးကျော်လယ်ယာမြေများနှင့် လွတ်ကင်းမှု ရှိ/ မရှိ စသည့်အချက်အလက်များကို စိစစ်ပြီး စိုက်ပျိုးခွင့် ခွင့်ပြုခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှုံထန်း၏ **"ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များနှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူများရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်း ခရိုင်မြို့ကြီးများတွင် ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများအပါအဝင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလုပ်ငန်းသင်တန်းများအား ၂၀၁၂ ခုနှစ်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ ပုသိမ်၊ မကွေး၊ မော်လမြိုင်၊ ပဲခူး၊ တောင်ကြီး၊ မြစ်ကြီးနား၊ မုံရွာနှင့် ဘားအံမြို့တို့တွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လွိုင်ကော်မြို့၌ လည်းကောင်း ရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလုပ်ငန်းသင်တန်းများကို ၂၀၁၄ ခုနှစ် မေ ၁၄ ရက်မှ ၁၆ ရက်အထိ ကရင်ပြည်နယ် ဘားအံမြို့တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် မေ ၁၉ ရက်မှ ၂၁ ရက်အထိ ကရင်ပြည်နယ် မြဝတီမြို့တွင်လည်းကောင်း ထပ်မံဖွင့်လှစ် ဆွေးနွေးပို့ချခဲ့ပါကြောင်း၊ ဆက်လက်၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် ချင်းပြည်နယ် ဟားခါးမြို့၌လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌လည်းကောင်း ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနရုံးချုပ်နှင့် ပြည်နယ်ရုံးခွဲများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို သွားရောက်ဆွေးနွေးမေးမြန်းပါက ဝန်ထမ်းများမှ ရှင်းလင်းဆွေးနွေးအကြံပြု ပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့်

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံသမ္မတအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကိုရီးယားသမ္မတအိမ်တော် (Blue House)၌ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ပါ့ခ်ဂွန်ဟေးအား သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း အားပေးထောက်ခံကြောင်း၊ ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့် ခြိမ်းခြောက်စိန်ခေါ်မှုများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းဖြင့် အောင်မြင်မှုရရှိလိမ့်မည်ဟု ထင်မြင်ယူဆမိပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် နျူကလီးယား မပြန့်ပွားရေးစာချုပ် Nonproliferation of Nuclear Weapons (NPT) အဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ဇုန် စာချုပ်တွင်လည်း ၁၉၉၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၁၃ ခုနှစ်တွင် စက်တင်ဘာလတွင် Additional Protocol ကို ထပ်မံလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်းပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စ ပါ့ခ်ဂွန်ဟေးက မိမိတို့နှစ်နိုင်ငံအကြား ယုံကြည်မှုတည်ဆောက်ရာတွင် စစ်ဘက်ဆက်ဆံရေး မြှင့်တင်ဆောင်ရွက်နိုင်ခြင်းသည် အထူးအရေးကြီးသော ကဏ္ဍဖြစ်ကြောင်း၊ နှစ်နိုင်ငံ စစ်ဘက်အရာရှိကြီးများ အပြန်အလှန် အလည်အပတ်ခရီး သွားရောက်နိုင်ရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် နည်းလမ်းရှာဖွေပြီး အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံမှုတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အရာရှိကြီးများ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်တို့ တက်ရောက်ခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံဘက်မှ Joint of Staff ဖြစ်သူ Admiral Choi Yoon-hee နှင့် အစိုးရတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ကိုရီးယားတပ်မတော် Jolnt Chiefs of Staff Office မှ Major General Kim Yong-woo နှင့်ဇနီးတို့သည် ဆိုးလ်မြို့ Korea House Restaurant ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❐ စာမျက်နှာ ၇ မှ

**“စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ် (Development Project Implementation Schedules)နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေနှင့် သာမန်အသုံးစရိတ်ခွင့်ပြုငွေများကို လုပ်ငန်းတစ်ခုတည်းတွင် ရော၍သုံးစွဲလုပ်ကိုင်ခြင်းနှင့် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်ရှိ လုပ်ငန်းများကို ငွေလုံးငွေရင်းအသုံးစရိတ် တောင်းခံသုံးစွဲခြင်းတို့ကြောင့် စာရင်းနည်းလမ်းတကျ မရှိခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးက** အချို့စီမံကိန်းများသည် စီမံကိန်းပြီးစီးသည့်နောက် နှစ်အနည်းငယ်ကြာသည့်တိုင် စီမံကိန်းခန့်မှန်းခြေစာရင်းများ ပြုစုပြီးစီးမှုမရှိသေးပါကြောင်း၊ စီမံကိန်းနှင့်သက်ဆိုင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် တည်ငြိမ်မှုမရှိဘဲ သက်ဆိုင်ရာဘဏ္ဍာနှစ်တွင်လည်းကောင်း၊ နှစ်အလိုက်လည်းကောင်း လုပ်ငန်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ကိန်းဂဏန်းများကို အကြိမ်ကြိမ်ပြင်ဆင်သတ်မှတ်လျက်ရှိနေပါကြောင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၏ စိစစ်ချက်နှင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ပါရှိသော စီမံကိန်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးရလဒ် အမှန်တကယ်ရရှိမည့်စီမံကိန်းများဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးက** ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ရရှိသည့်ဘတ်ဂျက်အပေါ်တွင် လုပ်ငန်းဦးစားပေးအလိုက် လုပ်ငန်းစီမံကိန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းစီမံကိန်းအသစ်များ၊ တိုးချဲ့စီမံကိန်းများအား စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသို့ လုပ်ငန်းအဆိုပြုတင်ပြမှုမရှိခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအား (၃)လတစ်ကြိမ် အစီရင်ခံစာတင်ပြမှု အားနည်းခြင်းတို့ကြောင့် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အဖွဲ့အနေဖြင့် စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိနှင့် လုပ်ငန်းစီမံကိန်းများ ပြန်လည်သုံးသပ်ခြင်းဆောင်ရွက်နိုင်မှု အားနည်းနေပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနအနေဖြင့် နိုင်ငံပိုင်အခန်းက ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အဆိုပြုတင်ပြသည့်အဆင့်မှ အကောင်အထည်ဖော်ပြီးစီးသည်အထိ စိစစ်တင်ပြလျက်ရှိပါကြောင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသည် အဆိုပါလုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး၊ အရင်းကျေကာလစသည့်စီးပွားရေးနှင့်ဘဏ္ဍာရေးအရ တွက်ခြေကိုက်မှုအခြေအနေတို့အား စိစစ်တွက်ချက်ပြီး နိုင်ငံပိုင်အခန်းက ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများစာရင်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ရပါကြောင်း။

လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများမှ တင်ပြလာသည့် သုံးလပတ်အစီရင်ခံစာ(ပုံစံ-ခ)များကို လက်ခံရရှိပြီးဖြစ်သည့် အကောင်အထည်ဖော်မှုအစီအစဉ်( ပုံစံ-က)များနှင့် နှိုင်းယှဉ်သုံးသပ်၍ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများအား မူလအဆိုပြုစဉ်က တင်ပြထားသည့် ကာလအပိုင်းအခြားအလိုက် အခြေအနေနှင့်ကိုက်ညီမှု ရှိ/ မရှိ စိစစ်တင်ပြလျက်ရှိပါကြောင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသည် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည့်နေရာများသို့ သွားရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ National Cemetery တွင် ပန်းခွေချအလေးပြု Pyeongtaek ရှိ Naval 2nd Fleet Command သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် National Cemetery သို့ သွားရောက်ပြီး ပန်းခွေချအလေးပြုခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Pyeongtaek ရှိ Naval 2nd Fleet Command သို့ ရောက်ရှိကြရာ Naval 2nd Fleet Command ၏ Commander Rear Admiral Park Sung Bae နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Naval 2nd Fleet Command အတွင်း ကိုရီးယားရေတပ်မတော်မှ စစ်ရေယာဉ် ROKS Incheon FFG-811 ၏ အစည်းအဝေးခန်း၌ ရေတပ်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ပြီး စစ်ရေယာဉ် ROKS Incheon FFG-811၊ ROKS HYUN Si Hak နှင့် ROKS CHEONAN တို့အား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား ကိုရီးယား ရေတပ်မတော်မှ စစ်ရေယာဉ် ROKS Incheon FFG-811 ၏ အစည်းအဝေးခန်း၌ ရေတပ်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြစဉ်။**
(မြဝတီ)

**❍ MNL ချန်ပီယံမှ**

ရတနာပုံအသင်းကို လေဆိပ်တွင် မန္တလေးမြို့ မြို့မိ မြို့ဖများ၊ Fan Club ဝင်များ၊ ဒေသခံဘောလုံး ပရိသတ်များက သောင်းသောင်းဖြဖြကြိုဆိုကြသည်။ ချန်ပီယံရတနာပုံအသင်း၏ အောင်ပွဲခံယာဉ်တန်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြစ်ငယ်၊ ပုလိပ်မြို့တို့ကို ဖြတ်သန်းပြီး ကျွဲဆည်ကန် (၇၈)လမ်း၊ (၃၅)လမ်းမှ (၈၄)လမ်းအတိုင်း ဈေးချိုအထိ လှည့်လည် အောင်ပွဲခံကြသည်။ မန္တလေးမြို့ခံ ပရိသတ်များသည် လေဆိပ်ကတည်းက မော်တော်ဆိုင်ကယ်များဖြင့် လိုက်လံအောင်ပွဲခံခဲ့ရာ အောင်ပွဲခံယာဉ်တန်းကြီးမှာ ပိုမိုရှည်လျားသွားခဲ့ပြီး မန္တလေးမြို့ထဲ အရောက်တွင် တိုးမပေါက်အောင် ဖြစ်ခဲ့ရသည်။

ရတနာပုံအသင်းသည် မန္တလေးဈေးချိုတွင် ဈေးသူဈေးသားများ၏ ဂုဏ်ပြုမှုကိုခံယူပြီး ဈေးချိုမှ ကျုံးကိုပတ်ကာ အောင်မြေမန္တလာ ဘောလုံးကွင်းအထိ ထပ်မံအောင်ပွဲခံကြသည်။ အောင်မြေမန္တလာကွင်းတွင် ဆုဖလားအပ်နှံပွဲကို ဆက်လက်ကျင်းပသည်။ ဆုဖလားအပ်နှံပွဲတွင် အောင်ပွဲရ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အသင်းသားများက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ဆုဖလားကို အပ်နှံသည်။

ရတနာပုံအသင်း၏ အောင်ပွဲအထိမ်းအမှတ်အဖြစ် ညနေပိုင်းမှစ၍ စိုင်းစိုင်းခမ်းလှိုင်၊ R ဇာနည်၊ ဇော်ပိုင်၊ ဖိုးကာ၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ ဖြူဖြူကျော်သိန်း၊ ဝိုင်းစုခိုင်သိန်းစသည့် အနုပညာရှင်၊ တေးသံရှင်များက သီချင်းများဖြင့် ဖျော်ဖြေကြပြီး ဈေးရောင်းပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပသည်။

**သတင်း-ဖိုးသော်ဇင်၊**
**ဓာတ်ပုံ-စိုးညွှန့်**

# အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းအနိုင်ရ

**အင်ချွန် စက်တင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ ကျင်းပလျက်ရှိသော (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ဘူဖျောင်ပိုက်ကျော်ခြင်းအားကစားရုံ၌ အမျိုးသားသုံးယောက်တွဲ (Regue)အုပ်စုပွဲစဉ်များ ကျင်းပရာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် တရုတ်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြန်မာအမျိုးသားအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

နပန်းပြိုင်ပွဲ(၇၄)ကီလိုတန်းကို ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ၌ ကျင်းပရာ မြန်မာမှဇော်မင်းထွန်းနှင့် တာမင်ကစ္စတန်နိုင်ငံ အားကစားသမားတို့ ယှဉ်ပြိုင်ကစားကြပြီး ပထမအချီ၌ပင် မြန်မာရှုံးနိမ့်ခဲ့သည်။

Main Stadium ကွင်း၌ ဒေသစံတော်ချိန် ည ၇ နာရီတွင် ပြေးခုန်ပစ်ပြိုင်ပွဲအား ကျင်းပရာ မြန်မာနိုင်ငံမှ ဖြူဝါသက်သည် မီတာ (၁၅၀၀)အပြေးပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်(၁၃)သာရရှိခဲ့သည်။

စက်တင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘူဖျောင်ပိုက်ကျော်ခြင်းအားကစားရုံ၌ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်း (Regue)ပြိုင်ပွဲ၌ မြန်မာအမျိုးသားအသင်းက ထိုင်းနိုင်ငံ အမျိုးသားအသင်းနှင့်လည်းကောင်း၊ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် စင်ကာပူနိုင်ငံ အမျိုးသားအသင်းနှင့်လည်းကောင်း အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်ချွန်မြို့ တိုက်ကွမ်ဒိုအားကစားရုံ၌ ကျင်းပမည့် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အိန္ဒြာအောင်က (၄၉)ကီလိုတန်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိပါက ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နပန်းအားကစားရုံ၌ကျင်းပမည့် နပန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝဏ္ဏထွန်းက (၅၉)ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(အား/ကာ)**

■

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပါဒကြီးကျေးရွာသို့ ရောက်ရှိပြီး ကောင်းစံဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်လျက်ရှိသော ပါဒကြီးကျေးရွာအဝင် ကွန်ကရစ်လမ်း (၁/၁ ဒသမ ၁ မိုင်× ၁၂ ပေ × ၇ လက်မ) ခင်းနေမှုနှင့် ပါဒကြီးချောင်းကူးတံတား ပေ ၁၆၀ တည်ဆောက်မည့်နေရာတို့ကိုကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာစာကြည့်တိုက်၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Aung & Saw Family Mining Co., Ltd. နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် ကိုရီးယားသမ္မတနိုင်ငံ Lakwoo Industry Co.,Ltd. မှ President Mr. Lee Young Min ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Lakwoo Industry Co.,Ltd. အနေဖြင့် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)နှင့် အမှတ်(၃၅) အကြီးစားစက်ရုံ(ချောက်)တို့နှင့် ပူးပေါင်း၍ ကြွေထည်မြေထည် ထုတ်ကုန်များနှင့် ကြွေသီးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လိုကြောင်းနှင့် အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)သို့ သွားရောက်၍ Excavator ထုတ်လုပ်မှုလုပ်ငန်းများအား လေ့လာလိုသည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ပုဂံ စက်တင်ဘာ ၂၉**

(၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပုဂံမြို့ရှိ The Aureum Palace Hotel Bayintnaung Room ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံလူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအတွင်းရေးမှူး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမှုန်း၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌတာဝန်ယူနေစဉ် ဦးစားပေးကဏ္ဍများဖြစ်ကြသည့် သဘာဝဘေးအန္တရာယ် ဆိုးကျိုးများလျှော့ချရေး၊ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ကဏ္ဍစုံပါဝင်ရေး၊ ရာသီဥတုနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်များ ပိုမိုရရှိရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် အာဆီယံလမ်းညွှန်ချက်နှင့် လူမှုရေးကာကွယ်မှုနှင့် ပတ်သက်သည့် အာဆီယံမူဘောင်၊ အာဆီယံလေ့လာရေးစင်တာဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံ(၂၀၀၉-၂၀၁၅) ဆောင်ရွက်မှုဖြစ်စဉ်နှင့် ၂၀၁၅ အလွန်ကာလအတွက် အဓိကထားဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ Timor-Leste နိုင်ငံကို အာဆီယံအဖွဲ့ဝင်သစ်အဖြစ် လက်ခံရေး၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ လေ့လာဆောင်ရွက်ရန်ဖိတ်ကြားမည့် အကြံပေးပုဂ္ဂိုလ်များစာရင်း ပြန်လည်စိစစ်ခြင်း၊ ၂၀၁၄ ခုနှစ် ရာသီဥတုပြောင်းလဲမှုပေါ်တွင် အာဆီယံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ASEAN Awareness မြှင့်တင်ရေး၊ အာဆီယံနိုင်ငံများနှင့် ယဉ်ကျေးမှုအနုပညာရပ်ဆိုင်ရာများ၌ အပြန်အလှန်နားလည်ရေးနှင့် မြှင့်တင်ရေးတို့အတွက် ASEAN Cultural Fair- 2014 ကို အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းကလည်း ASCC Buleprint MTR 2015 Vision အတွက် ပူးပေါင်းဆောင်ရွက်ရန် Action Plan, Work Plan များ ချမှတ်ပြီး Work Schedule အတိုင်း ဆောင်ရွက်နိုင်ရေးအတွက် 3rd Working Group Meeting အစည်းအဝေးကို ကျင်းပခဲ့ရာ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံနှစ်ဝက်သုံးသပ်ချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Resource Mobilization နှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ ၂၀၁၅ အလွန် ဦးတည်ချက်များတွင် အဓိကပါဝင်ရမည့် အချက်များကို တင်ပြခြင်း၊ ၂၀၁၅ အလွန် ဦးတည်ချက်များအတွက် SOCA, ASCC Vision Statement နှင့် Central Elements ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ○ မဟာစေတီလှမှ

သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၈ ရက်) တွင် တစ်လုံးတည်းသော မီးပုံးပျံကြီးလွှတ်တင်နိုင်ရန်အတွက် ပွဲရက်မရောက်မီ တစ်လခန့် အချိန်ယူ၍ ဒေသခံတို့စုပေါင်းကာ မီးပုံးပျံချုပ်ကြပြီး အဆိုပါ မီးပုံးပျံ လွှတ်တင်ပွဲမတိုင်မီနှင့် လွှတ်တင်ပြီးအချိန်တို့တွင် ဒေသရိုးရာ မြန်မာနဂါးအကဖြင့် ဖျော်ဖြေကြမည့် သာစည်ရွာ၏ အရှေ့ဘက်တောင်ရိုးပေါ်မှ ကျေးရွာဒေသခံများသည်လည်း ပွဲတွင် ဖျော်ဖြေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ☆ ရွှေဖုံးမှ

မန္တလေးမြို့ အရှေ့တောင်ဘက် ၃၀ မိုင်အကွာ မြစ်ငယ်မြစ်၌ တည်ဆောက်ထားသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးဆိုလျှင် မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ရာ ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ဦးစားပေးဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ဗြိတိသျှကုမ္ပဏီတစ်ခုက ၁၉၂၄ ခုနှစ်တွင် စတင်လေ့လာတွေ့ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဂျပန်နိုင်ငံကုမ္ပဏီတစ်ခုနှင့် ထပ်မံပူးပေါင်းလေ့လာခဲ့ပါသည်။ ရဲရွာရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ရေလှောင်တမံတွင် ရေလှောင်ပမာဏအနေဖြင့် ၂၁ သိန်း ဧကပေရှိပါသည်။ ဓာတ်အားပေးစက်ရုံအနေဖြင့် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာ သဖန်းဆိပ်ရွာအနီးမူးမြစ်ပေါ်တွင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားပါသည်။ သဖန်းဆိပ်ရေလှောင်တမံစီမံကိန်းကို ကုလသမဂ္ဂအစီအစဉ်ဖြင့် အီတလီနိုင်ငံ အီတာကွန်ဆပ်ကုမ္ပဏီက စတင်စူးစမ်းလေ့လာခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။



သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား တွေ့ရစဉ်။

သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေသောက် မိုးစပါးစိုက်ပျိုးနိုင်မှု ဧက ၃၆၉၃၈၀ နှင့် နွေစပါး စိုက်ပျိုးနိုင်မှု ဧက ၄၈၀၀၀၀ ရှိပြီး ကုန်ထုတ်သီးနှံများဖြစ်သည့် နှမ်း၊ ပဲတီစိမ်း၊ အခြားပဲအမျိုးမျိုးစိုက်ပျိုးနိုင်မှုအနေဖြင့် ဧကတစ်သိန်းကျော်ရှိကြောင်း သိရှိရပါသည်။

သဖန်းဆိပ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစား၊ တမံအမြင့် ၁၀၈ ပေ၊ တမံအလျား ၂၂၅၈၇ ပေ (လေးမိုင်ကျော်)ရှည်လျားပြီး မြန်မာနိုင်ငံ၏အကြီးဆုံး၊ အရှေ့တောင်အာရှ၌ တမံအလျား အရှည်လျားဆုံးဆည်တမံကြီးဖြစ်ပါသည်။ ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်နှင့် အရာတော်မြို့နယ်များရှိ စိုက်ပျိုးမြေဧကငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး သီးနှံများဖြင့် စိမ်းလန်းနေစေရန် စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။ ထို့ကြောင့် ဆည်ရေဝသည်ထက်ဝ၍ လယ်မြေ လှသည်ထက်လှလာသော အထက်မြန်မာပြည်၏စပါးကျီ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေကြီးမှ ရွှေသီးပေးနေပုံကို တွေ့မြင်ရလျက်ရှိပေသည်။

ဤသဖန်းဆိပ်ရေလှောင်တမံစီမံကိန်းကြီးကို တည်ဆောက်နိုင်ခဲ့ခြင်းမှာ နှစ်ပေါင်းလေးဆယ်ကျော် ကြာခဲ့သည့် အိပ်မက်တစ်ခုကို လက်တွေ့ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒေသခံတောင်သူလယ်သမားများအနေဖြင့် တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ ကူးပြောင်းရောက်ရှိပြီး လူမှုဘဝတဖြည်းဖြည်းမြင့်မားလာပြီဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်တာတမံစုစုပေါင်း ၃၈ ခုရှိပြီး အကျိုးပြုဧကအနေဖြင့် ၅၈၇၉၂၈ ဧကရှိပါသည်။ သဖန်းဆိပ်ရေလှောင်တမံအနေဖြင့် လယ်မြေ ၄၉၁၆၈၇ ဧကသို့ အကျိုးပြုပေးနိုင်ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်အထိ စာရင်းအရ မိုးစပါး စိုက်ပျိုးမှုမှာ ၄၈၆၇၁၀ ဧကဖြစ်ကြောင်း သိရပါသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ထုတ်ဖော်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့သကဲ့သို့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍကိုလည်း စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဏ္ဍနှစ်မျိုးစလုံးအတွက် အကောင်အထည်ဖော်ရန်သင့်လျော်သော စီမံကိန်းတစ်ခုမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဇော်ဂျီမြစ်ပေါ်တွင် တည်ရှိသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းပင်ဖြစ်ပါသည်။

အဆိုပါစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြီးစီးအောင် တည်ဆောက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်အထိ ၈၁ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါသည်။ စီမံကိန်းပြီးစီးပါက နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၃၅ ဒသမ ၇ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက် ဧရိယာ ဧက ၈၂၀၀၀ ကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာ လွင်ပြင်အတွင်းရှိ မြေဧရိယာဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကာ ဒေသတွင်း စိမ်းလန်းစိုပြည်လာစေမည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ စစ်ဆေးခဲ့ပါသည်။

အဆိုပါခရီးစဉ်အတွင်း မြို့ကြီးရေလှောင်တမံစီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းနှင့်အတူ ရေရရှိရေးအတွက် မြောင်းတူးဖော်မှုလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုလည်း တစ်ချိန်တည်း ထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်သွားရန်၊ ရေမြောင်းများကို ကွန်ကရစ်ရေမြောင်းပြုလုပ်ပြီး ရေမြောင်းတစ်လျှောက်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်ရေးဆောင်ရွက်သွားရန်၊ ရေမြောင်းများမှ ရေသောက်ဧရိယာရှိ စိုက်ပျိုးမြေများအား ထိရောက်အကျိုးရှိအောင် ဆောင်ရွက်ပေးရန်၊ ပြောင်းရွှေ့ရသည့် ရွာနှစ်ရွာအတွက် လျော်ကြေး၊ နစ်နာကြေးများ သတ်မှတ်နှုန်းထားအတိုင်း ပေးရန်နှင့် သောက်သုံးရေ၊ စိုက်ပျိုးရေ၊ စိုက်ပျိုးမြေနှင့် လျှပ်စစ်မီးရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်ကို ကြားသိရပါသည်။

အလားတူ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စီမံကိန်းဧရိယာအတွင်း လုံခြုံရေး အထူးသတိပြုဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင်ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့ပါသည်။

ထို့ပြင် သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်သက်၍ ဆည်များရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်သစ်တောများ ထိန်းသိမ်းထားရှိရေး၊ ဆည်ရေများကို အကျိုးရှိအောင် ပြန်လည်အသုံးပြုနိုင်ရေး၊ လျှပ်စစ်ထုတ်လုပ်မှုနှင့်စိုက်ပျိုးရေပေးဝေမှုတို့အတွက် စနစ်တကျ စီမံဆောင်ရွက်သွားရေး၊ မိုးစပါးအပြင် အခြားတွက်ခြေကိုက်သည့် သီးနှံများစိုက်ပျိုးသွားကြရေးတို့ကို မှာကြားခဲ့ပါသည်။

အချုပ်ဆိုရသော် မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်ဆိုသည့်အတိုင်း လိုအပ်သည့်ဒေသ၊ ဖြစ်နိုင်သမျှနေရာတိုင်းတွင် ဆည်တမံများတည်ဆောက်ထားပြီးဖြစ်ပါသည်။ ဆည်မြောင်းလက်တံ မရောက်နိုင်သော စိုက်ပျိုးမြေများအတွက် ချောင်းမြောင်းတမံပိတ်၊ စက်ရေတွင်း၊ လက်ရိုက်တွင်း တူးဖော်မှုများဖြင့် စိုက်ပျိုးရေစုစည်းပေးခဲ့ပါသည်။ ထိုမျှမက မြစ်ရေ၊ ချောင်းရေကို အလဟဿမဖြစ်စေဘဲ မြစ်ရေတင်လုပ်ငန်းများဖြင့် နိုင်ငံအကျိုးပြု အင်အားစုများဖြစ်အောင် ဖော်ဆောင်ခဲ့ပါသည်။ သို့ဖြစ်ရာ ယခင်က ဒေသဆန် မဖူလုံသော တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသည်မှာ နောင်တွင် ဖြစ်ပေါ်လာမည့် လူဦးရေ၏ စားဝတ်နေရေးဘဝ မတောင့်မတ၊ မကြောင့်မကြရလေအောင် နိုင်ငံတော်က ကြိုတင်မြော်တွေး ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပါတော့သည်။ ။

# အာဖဂန်နစ္စတန် သမ္မတသစ်အဖြစ် အက်ရှ်ရက်ဖ်ဂါနီ ကျမ်းသစ္စာကျိန်ဆို

**ကဘူး စက်တင်ဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတသစ်အဖြစ် အက်ရှ်ရက်ဖ်ဂါနီက စက်တင်ဘာ ၂၉ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့ကို ဖြိုခွင်းနိုင်ခြင်းမရှိသည့် ၁၃ နှစ်ကြာ စစ်ပွဲပြီးဆုံးချိန်တွင် သမ္မတသစ်ကို ရွေးချယ်တင်မြှောက်နိုင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားကျင်းပချိန်တွင် တာလီဘန်စစ်သွေးကြွတို့၏ တိုက်ခိုက်မှုမရှိစေရေးအတွက် လုံခြုံရေးတင်းကျပ်ထားကြောင်း၊ သို့ရာတွင် စက်တင်ဘာ ၂၉ ရက် နံနက်တွင် ကဘူးမြို့အရှေ့ပိုင်း၌ အသေးစားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သမ္မတနန်းတော်၌ကျင်းပသော ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ဂုဏ်သရေရှိတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းနှင့်အညီ အာဏာလွှဲပြောင်းပေးမှုကို ပြုလုပ်နိုင်ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေအရပ်ရပ်ကို မိမိလေးစားလိုက်နာကာ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုရာတွင် သမ္မတသစ်ဂါနီက ပြောကြားသည်။ **ရိုက်တာ။**



အာဖဂန်သမ္မတအဖြစ် အက်ရှ်ရက်ဖ်ဂါနီ ကျမ်းသစ္စာကျိန်ဆိုနေစဉ်။



ဝန်ကြီးချုပ်မိုဒီကို အိန္ဒိယနွယ်ဖွားများက ဂျွန်အက်ဖ်ကနေဒီလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# အိန္ဒိယဝန်ကြီးချုပ်မိုဒီအား အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသားများက မက်ဒီဆင် ရင်ပြင်ဥယျာဉ်၌ ကြိုဆို

**နယူးယောက် စက်တင်ဘာ ၂၉**

အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်သော ခရီးစဉ်တွင် အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသားများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ ယင်းကြိုဆိုပွဲကို နယူးယောက်မြို့ မက်ဒီဆင်ရင်ပြင်ဥယျာဉ်၌ ကျင်းပပြီး အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသား ထောင်နှင့်ချီကာ တက်ရောက်ကြသည်။

၎င်းအား ကြိုဆိုနှုတ်ဆက်သည့် လူစုကြီးသို့ နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ၂၁ ရာစုသည် အာရှ၏ ရာစုဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားသည်။

ယခုနှစ် နွေရာသီကကျင်းပခဲ့သော အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ရာထူး၌ ရွေးကောက်တင်မြှောက်ခံရပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးခရီးအဖြစ် မစ္စတာမိုဒီ လာရောက်ခြင်းဖြစ်သည်။ **ဘီဘီစီ။**



# တရုတ်သမ္မတ ရှီကျင့်ဖျင် နှင့် အုပ်ချုပ်မှု စာအုပ်သစ် ထုတ်ဝေပြီ

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်သမ္မတရှီကျင့်ဖျင်၏ မိန့်ခွန်းများ၊ ညွှန်ကြားချက်များနှင့် မှတ်ချက်စကားများပါရှိသော စာအုပ်ကို နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးက ထုတ်ဝေလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

"တရုတ်သမ္မတရှီကျင့်ဖျင်နှင့်အုပ်ချုပ်မှု"ဟု အမည်ပေးထားသော စာအုပ်တွင် ၎င်း၏မိန့်ခွန်းများ၊ ညွှန်ကြားချက်များနှင့် မှတ်ချက်စကားများ ပါရှိပြီး ဆောင်းပါးပုဒ်ရေ ၇၉ ပုဒ်ပါဝင်သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် အာဏာရကွန်မြူနစ်ပါတီ၏ အကြီးအကဲအဖြစ် ရှီကျင့်ဖျင် တာဝန်ယူခဲ့ချိန်နောက်ပိုင်း ၎င်း၏အုပ်ချုပ်မှုကို ထင်ဟပ်နေသည့် ဆောင်းပါးများကို စုစည်းကာ စာအုပ်ထုတ်ဝေခြင်းဖြစ်သည်။ အဆိုပါစာအုပ်ကို တရုတ်ဘာသာစကားနှင့် နိုင်ငံခြား ဘာသာစကားရှစ်မျိုးတို့ဖြင့် ဆက်လက်ထုတ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

# ဂျပန်နိုင်ငံသားများ ပြန်ပေးဆွဲခြင်းအပေါ် ပြုံယမ်းနှင့်တိုကျို တွေ့ဆုံဆွေးနွေး

**ရှင်ယန် (တရုတ်) စက်တင်ဘာ ၂၉**

မြောက်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် မြောက်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့ဝင်များက ဂျပန်နိုင်ငံသားများကို ပြန်ပေးဆွဲခဲ့ခြင်းအပေါ် ဆွေးနွေးကြရန်အတွက် တရုတ်နိုင်ငံအရှေ့ပိုင်း မြို့တစ်မြို့တွင် ယနေ့ တွေ့ဆုံခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာဗျူရိုအကြီးအကဲ ဂျူနီချီအီဟာရာနှင့် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးအကြီးအကဲ မြောက်ကိုရီးယားသံအမတ် ဆောင်အီဟိုတို့၏ ဆွေးနွေးပွဲသည် တစ်ရက်ကြာမည်ဟု မျှော်လင့်ရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှေ့ပြေးအစီရင်ခံစာတစ်ရပ်ပြုစုပေးရန် ဂျပန်နိုင်ငံက မြောက်ကိုရီးယားကို ဖိအားပေးမည်ဟု မျှော်လင့်ရသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ ထောက်လှမ်းရေးအဖွဲ့သည် ဂျပန်နိုင်ငံသား ၁၃ ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ၂၀၀၂ ခုနှစ်တွင် ပြောကြားခဲ့သည်။ ၎င်းတို့၏ သူလျှိုများကို ဂျပန်ဘာသာစကားနှင့် ယဉ်ကျေးမှုများ သင်ကြားပေးရန်ဖြစ်သည်ဟုဆိုသည်။ ထိုနှစ်တွင်ပင် ၎င်းတို့အနက်မှ ငါးဦးကို ဂျပန်နိုင်ငံသို့ပြန်ရန် ခွင့်ပြုခဲ့ပြီး ကျန်သူတို့မှာ သေဆုံးခဲ့ကြပြီဟု မြောက်ကိုရီးယားဘက်က ပြောသည်။

ဂျပန်နိုင်ငံ ယင်းကဲ့သို့ ပြန်ပေးဆွဲမှု ၁၇မှုရှိခဲ့သည်ဟု တရားဝင် မှတ်တမ်းပြုထားသည်။ နိုင်ငံသားအရေအတွက်ရာကျော် ပြန်ပေးဆွဲခံခဲ့ရပြီး ၎င်းတို့အနက် အများအပြား အသက်ရှင်လျက်ရှိနေဆဲဟု ယုံကြည်ထားသည်။

အဆိုဖြစ်စဉ်များကို အသစ်တဖန်ပြန်လည်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ပြုံယမ်းက မေလတွင် သဘောတူခဲ့သည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက စုံစမ်းစစ်ဆေးမှုကို အမြန်ပြီးစီးရန် ဆောင်ရွက်ရေးကို တောင်းဆိုခဲ့သည်။ **ဘီဘီစီ။**



ဂျပန်ကိုယ်စားလှယ်အဖွဲ့(ယာ)နှင့် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးကြစဉ်။

# ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းအတွက် ဂျပန်နှင့် မက္ကဆီကိုက တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၉**

ဂျပန်နှင့် မက္ကဆီကိုနိုင်ငံတို့သည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းအတွက် တပ်ဖွဲ့ဝင်များကို စေလွှတ်ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာတစ်ဝန်း၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများ မြှင့်တင်နိုင်ရန် ရည်ရွယ်သည့် အဆင့်မြင့်အစည်းအဝေးတစ်ရပ်အပြီးတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာ အကြီးအကဲ ဟာ့ဗ်လက်ဆိုးရပ်စ်က ပြောကြားခြင်းဖြစ်သည်။

မာလီနိုင်ငံရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့သို့ ဆွီဒင်နိုင်ငံက တပ်ဖွဲ့ဝင် ၂၅၀ စေလွှတ်ပေးရန်နှင့် တရုတ်နိုင်ငံက တောင်ဆူဒန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၂၀၀ စေလွှတ်ပေးရန် ကတိပြုခဲ့ကြကြောင်း လက်ဆိုးရပ်စ်က ပြောကြားသည်။

ဂျပန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့က ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စေလွှတ်ပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကို စေလွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်သည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

**ပီတီအိုင်။**

# ပျောက်ဆုံးလျက်ရှိသော မလေးရှားခရီးသည်တင်လေယာဉ် ရှာဖွေမှုအဆင့်သစ်သို့ ဝင်ရောက်တော့မည်

**ဆစ်ဒနီ စက်တင်ဘာ ၂၉**

မလေးရှားလေကြောင်းဌာနမှ ပျောက်ဆုံးလျက်ရှိသော ခရီးသည်တင်လေယာဉ် ရှာဖွေမှုလုပ်ငန်းမှာ အဆင့်သစ်တစ်ရပ်သို့ ဝင်ရောက်တော့မည်ဖြစ်ကြောင်း ဩစတြေးလျ သတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မတ် ၈ ရက်က အမ်အိပ်ချ်-၃၇၀ ခရီးစဉ်လေယာဉ်သည် ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းစဉ် ပျောက်ဆုံးခဲ့ပြီး ယခုအချိန်အထိ သဲလွန်စမရဘဲ ဆက်လက်ရှာဖွေနေရဆဲဖြစ်သည်။ လူပေါင်း ၂၃၉ ဦး လိုက်ပါလာသော အဆိုပါလေယာဉ်ကို ဝေဟင်၊ ပင်လယ်ပြင်နှင့် ပင်လယ်ရေအောက်တို့တွင် ပိုက်စိပ်တိုက်ရှာဖွေခဲ့သော်လည်း မတွေ့ရှိရပေ။

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းဒေသမှ ဝေးလံသော အိန္ဒိယသမုဒ္ဒရာအတွင်းရှိနေရာတွင် လေယာဉ်ပျက်ကျခဲ့သည်ဟုယူဆပြီး ရှာဖွေမှုပြုလုပ်ခဲ့သည်။

လေယာဉ်ပျက်ရှာဖွေမှု အဆင့်သစ်ကို အောက်တိုဘာလ အစောပိုင်းတွင် စတင်မည်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၅၀၀၀ ခန့်အကွာတွင် ခေတ်မီဂိုနာကိရိယာများအသုံးပြု၍ ရှာဖွေမည်ဖြစ်ကြောင်း ဩစတြေးလျ သယ်ယူပို့ဆောင်ရေး လုံခြုံမှုဗျူရိုက ပြောကြားသည်။

**ပီတီအိုင်။**

❖ **ကျောဖုံးမှ**

မိုင် ၂၀ ခန့်ထိသာ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

၎င်းရဟတ်ယာဉ်ပေါ်တွင် ထိုင်းနိုင်ငံမှ ရဟတ်ယာဉ်မှူး Mr.Chat Chawal၊ မြန်မာလူမျိုး ရဟတ်ယာဉ်မှူး ဦးအောင်မြတ်တိုးနှင့် ဒေသခံ ဦးရွှေရင်တော်ကြီးတို့ လေးဦးပါဝင်လိုက်ပါခဲ့ပြီး ယခုအချိန်ထိအဆက်အသွယ်ပြန်လည်ရရှိခဲ့ခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

ရဟတ်ယာဉ်နှင့်အတူ အဆက်အသွယ်ပြတ်နေသော ရဟတ်ယာဉ်မှူး Mr.Chat Chawal နှင့်ပတ်သက်၍ ထိုင်းနိုင်ငံမှ ၎င်းကုမ္ပဏီက "ရဟတ်ယာဉ်မှူးက ရဟတ်ယာဉ်မောင်းနှင်ရာမှာ အတွေ့အကြုံရင့်ကျက်သူတစ်ယောက်ဖြစ်တဲ့အတွက် လေယာဉ်မှူးကို ယုံကြည်ပါတယ်။ သူဂရုစိုက်ပြီး အန္တရာယ်ကင်းတဲ့ မြေနေရာမှာ ရာသီဥတုအခြေအနေကို စောင့်ကြည့်နေတာဖြစ်ပါလိမ့်မယ်။ ကံမကောင်းစွာဘဲ ရာသီဥတုက အခြေအနေမပေးသေးတဲ့အတွက် နေသာမယ့်အချိန်ကို စောင့်ဆိုင်းနေပြီး အားလုံးနှင့်အတူ ရဟတ်ယာဉ်ပါ အန္တရာယ်ကင်းစွာ ရှိနေမယ်ဆိုတာ ယုံကြည်ပါတယ်"ဟု သတင်းပို့ထားကြောင်း သိရသည်။

စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် နောင်မွန်းမှရဝမ်လူမျိုး တီမွန်အောင်က စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် ရဟတ်ယာဉ်အဖြူအနီတစ်စင်း ကော်လဲမှရမ်ဘော့ဘက်သို့ ဆင်းသွားကြောင်းတွေ့ရှိရသည်ဟု သတင်းပေးပို့ချက်အရ မချမ်းဘောတပ်ရင်းမှ စစ်ကြောင်းအား MI 17 ရဟတ်ယာဉ်ဖြင့် ကြိုခေါ်၍ နောင်မွန်းနှင့်ပန်နန်းဒင်တွင်ပို့ဆောင်ပေးပြီး မြေပြင်၊ ဝေဟင်ဖြင့် ရှာဖွေရေးဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောင်မွန်းရှိ ရဲအုပ်အောင်ကျော်မိုးဦးစီးသော တပ်စိတ်တစ်စိတ်နှင့်အတူ ဒေသခံလမ်းပြများ



အဖွဲ့ပူးပေါင်း၍ နောင်မွန်းမှ စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ထွက်ခွာပြီး ရမ်ဘော့နှင့် ကော်လဲ့ကြား ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကကကြည်းမှလည်း MI 17 ရဟတ်ယာဉ်ဖြင့် တပ်မတော်သား ၅၀ခန့်အား ပန်နန်းဒင်နှင့် နောင်မွန်းသို့ပို့၍ ပိုက်စိတ်တိုက်ရှာဖွေရန် ညွှန်ကြားထားကြောင်းသိရသည်။

နောင်မွန်းမြို့နယ် အုပ်ချုပ်ရေးမှူး၏ သတင်းပေးပို့ချက်အရ ထပ်မံသိရှိရသည်မှာ စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ဂတ်တုကျေးရွာအုပ်စုမှ မိုက်ဝက်အကွာ ရှံမရာကျေးရွာမှ မခေါင်လံပိုးစိမ်း (၁၂)နှစ်အရွယ် ကလေးငယ် လယ်ထဲဆင်းစဉ်ထိုရဟတ်ယာဉ်မှာ ခေါင်းပေါ်မှ ခပ်နိမ့်နိမ့်ပျံသန်းပြီး တောအုပ်ထဲထိုးဆင်းသွားကြောင်း ပြောကြားခဲ့သည်ဟု သတင်းပေးပို့ခဲ့သည်။ ပျောက်ဆုံးတောင်တက်သမား နှစ်ဦးအပြင် အဆက်အသွယ်ပြတ်တောက်ခဲ့သည့် B4 ရဟတ်ယာဉ်နှင့် အဆက်အသွယ်ရရှိစေရန် ထူးဖောင်ဒေးရှင်းမှ ထပ်မံအင်အားဖြည့်ကာ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ရွာသူရွာသားများနှင့် စစ်ဘက်နယ်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်မှုများဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ထူးဖောင်ဒေးရှင်းမှ ထုတ်ပြန်သော သတင်းများအရ သိရှိရသည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းကူညီရန် တရုတ်ကယ်ဆယ်ရေးအဖွဲ့ Blue Sky Rescue မှ ကျွမ်းကျင်တောင်တက်သမားနှစ်ဦးသည် ယမန်နေ့ည ၁၂ နာရီခန့်က ရန်ကုန်သို့ရောက်ရှိခဲ့သည်။ ထို့အပြင် တရုတ်ကယ်ဆယ်ရေးအဖွဲ့မှ နောက်ထပ်ကယ်ဆယ်ရေး တောင်တက်သမားများသည် ယနေ့ ညနေ ၄ နာရီခွဲတွင် ၁၀ ဦး၊ ည ၁၀ နာရီခွဲတွင် ငါးဦးနှင့် ည ၁၁ နာရီတွင် နှစ်ဦး အသီးသီး ရန်ကုန်သို့ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**(ခင်ဇာလီ)**

## မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ ထုတ်လုပ်၊ ရောင်းဝယ်၊ ပစ်ဖောက်ခြင်းမပြုရန် နှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရပ်ကွက်နှင့်လမ်းများအတွင်း မီးရှူး၊ မီးပန်း၊ ပြောက်အိုးများပစ်ဖောက်ခြင်းကြောင့် လူများ၊ လမ်းသွားလမ်းလာများ ထိခိုက်အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ ပတ်ဝန်းကျင်စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ မီးရှူး၊ မီးပန်းများမီးလောင်လွယ်သည့် အရာဝတ္ထု၊ ပစ္စည်းများပေါ်ကျရောက်ထိမိပါက မီးလောင်မှု၊ မီးဘေးအန္တရာယ်ဖြစ်လာနိုင်ခြင်း၊ မသမာသူများ မီးရှူး၊ မီးပန်း၊ ပြောက်အိုးဖောက်သံနှင့်အတူ ရောနှောကာ မသမာမှုကျူးလွန်နိုင်ခြင်းတို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ မီးရှူး၊ မီးပန်းများ၊ ပြောက်အိုးများ၊ ပေထုပ်၊ ရှူးဒိုင်းများထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ပစ်ဖောက်ခြင်းများမပြုလုပ်ကြပါရန် တားမြစ်လိုက်ကြောင်း၊ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း" ဖြင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ စက်တင်ဘာ ၂၆ ရက်နေ့စွဲပါ အမိန့်စာကို ယမန်နေ့ (စက်တင်ဘာ ၂၈ ရက်) ညပိုင်းမှစ၍ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက ရပ်ကွက်အတွင်း တစ်လမ်းဝင်၊ တစ်လမ်းထွက်ဖြင့် ထပ်ဆင့်လိုက်လံအသိပေးနှိုးဆော်သည်။

အဆိုပါ သတိပေးချက်ကို သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်ရက်အထိ စဉ်ဆက်မပြတ် အသိပေးနှိုးဆော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းဆင်း

**မကွေး စက်တင်ဘာ ၂၉**

ကျေးလက်ဒေသအရောက် စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွှေလင်းဆွဲကျေးရွာအုပ်စု အောင်သုခစံပြကျေးရွာ မဟာဗောဓိဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်းတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းအား ၁၄ ရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်း၌ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးသုံး အသေးစားအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းပညာနှင့် သံဂဟေဆက်ပညာတို့ကို အမှတ်(၄) စက်မှုသင်တန်း ကျောင်း(ပခုက္ကူ)မှ ကျွမ်းကျင်နည်းပြဆရာများက သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ သင်တန်းသို့ အောင်သုခ၊ ရွှေလင်းဆွဲ၊ လက်ထုတ်တောနှင့် တောင်ဘို့ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၄၇ ဦး တက်ရောက်အောင်မြင်ခဲ့ကြသည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် အလားတူ စက်မှုနှင့် အသက်မွေးပညာရွေ့လျား သင်တန်းများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးရှိ လိုအပ်ချက်ရှိသော ဒေသများတွင် ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၀-၉-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်၊ |
| ၅း၄၀ | "ကံသတ္တိနှင့် ဉာဏ်သတ္တိ" တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၆) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" (အပိုင်း-၈၅) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၈၀) |
| ၁၂း၃၅ | ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာသင်တန်း" |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |












မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# ဝက်စ်ဟမ်းနှင့်ပွဲတွင် အနီကတ်ပြခံရမှုနှင့် စပ်လျဉ်း၍ အသင်းဖော်များအား ရွှန်းနီတောင်းပန်



မန်ယူအသင်း ခေါင်းဆောင် တိုက်စစ်မှူးရွှန်းနီသည် စက်တင်ဘာ ၂၇ ရက်ညပိုင်းက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၆)တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက် ၎င်း၏ မန်ယူကစားဖော်များအား တောင်းပန်လိုက်ကြောင်း သိရသည်။

မန်ယူတိုက်စစ်မှူး ရွှန်းနီသည် ဝက်စ်ဟမ်းကစားသမား စတီးဝက်ဒေါင်းနင်းအား ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် တိုက်ရိုက်အနီကတ်ပြခံခဲ့ရခြင်းဖြစ်ပြီး အဆိုပါအနီကတ်နှင့်ပတ်သက်၍ ကွင်းလယ်ဒိုင် လီမာဆွန်၏ ဆုံးဖြတ်ချက်အား လျှောက်လဲချက်တင်ရန် အစီအစဉ်မရှိကြောင်းလည်း တိုက်စစ်မှူးရွှန်းနီက ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွှန်းနီသည် တိုက်ရိုက်အနီကတ်ပြခံခဲ့ရခြင်းကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ပြီး နိုဝင်ဘာ ၂ ရက်တွင် မန်စီးတီးအသင်းနှင့် ကစားမည့် မန်ချက်စတာဒါဘီပွဲအထိ မန်ယူအသင်းနှင့်အတူ ပွဲထွက်ကစားနိုင်လိမ့်မဟုတ်ဘဲ လွဲချော်လိမ့်မည်ဖြစ်သည်။

ရွှန်းနီသည် ကစားသမားဘဝတစ်လျှောက်တွင် ခြောက်ကြိမ်အထိ အနီကတ်ပြသခံခဲ့ရပြီး ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အဲဗာတန်နှင့် ဘာမင်ဂန်တို့ တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၊ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်က မန်ယူနှင့် ဗီလာရီးယဲလ်တို့ ဂိုးမရှိသရေဖြစ်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်၊ ၂၀၀၆ ခုနှစ် ဇူလိုင် ၁ ရက်က အင်္ဂလန်က ပေါ်တူဂီအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည့် ကမ္ဘာ့ဖလားပွဲစဉ်၊ ၂၀၀၉ ခုနှစ် မတ် ၂၁ ရက်က မန်ယူအသင်းက ဖူလ်ဟမ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၇ ရက်က အင်္ဂလန်နှင့် မွန်တီနီဂရိုးတို့ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ယူရို ၂၀၁၂ ဝင်ခွင့်ပွဲစဉ်နှင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်က မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တို့တွင် အနီကတ်ပြခံခဲ့ရသည်။

ငွေကြယ်

# အာရှယူ-၁၉ ပြိုင်ပွဲအတွက် လက်မှတ်များ ရောင်းချမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

နေပြည်တော် ဇေယျာသီရိအားကစားကွင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတို့တွင် အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိကျင်းပမည့် အာရှယူ-၁၉ အမျိုးသားဘောလုံးပြိုင်ပွဲအတွက် လက်မှတ်များကို အောက်တိုဘာ ၈ ရက်မှစတင်၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်မှတ်များကို အောင်ဆန်းကွင်း၊ စလင်းကွင်းနှင့် သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံရှိ လက်မှတ်အရောင်းကောင်တာများတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ပြီး လက်မှတ်နှုန်းထားများမှာ ရိုးရိုးတန်း ၂၀၀၀ ကျပ်၊ အထူးတန်း ၅၀၀၀ ကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလက်မှတ်များကို နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်သည်။

အာရှယူ-၁၉ ပွဲစဉ်များကို အုပ်စုလေးအုပ်စုခွဲကာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(က)နှင့် အုပ်စု(ခ) ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အုပ်စု(ဂ)နှင့် အုပ်စု(ဃ)ပွဲစဉ်များကို နေပြည်တော် ဇေယျာသီရိကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အိမ်ရှင်မြန်မာလက်ရွေးစင် ယူ-၁၉ အသင်းမှာ အုပ်စု(က)တွင် အီရန်၊ ထိုင်းနှင့် ယီမင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ ယူအေအီးနှင့် အင်ဒိုနီးရှား၊ အုပ်စု(ဂ)တွင် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် ဗီယက်နမ်၊ အုပ်စု(ဃ)တွင် အီရတ်၊ မြောက်ကိုရီးယား၊ ကာတာနှင့် အိုမန်အသင်းတို့ အသီးသီးပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၁၉ အသင်းမှာ အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီခွဲတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် ယီမင်အသင်းဖြင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းလည်း သိရသည်။ **(ဇင်ဘို)**

# ဆူဇူကီးဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်း ပါပူဝါနယူးဂီနီနှင့် ခြေစမ်းကစားစေရန် စီစဉ်

**မန္တလေး စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF သည် လာမည့် အောက်တိုဘာလအတွင်း ဆူဇူကီးဖလားခြေစစ်ပွဲ ကစားရန်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းအား သမုဒ္ဒရာပိုင်းဇုန်မှ အသင်းတစ်သင်းဖြစ်သည့် ပါပူဝါနယူးဂီနီအသင်းနှင့် ယှဉ်ပြိုင်ကစားစေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာ ပါပူဝါနယူးဂီနီအဖွဲ့ချုပ်ထံ ခြေစမ်းပွဲကစားရန် ဖိတ်ကြားမှုများ ပြုလုပ်လျက်ရှိပြီး လက်ခံပါက လာမည့် အောက်တိုဘာ ၆ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှာ ဆူဇူကီးဖလားခြေစစ်ပွဲစဉ်တွင် အိမ်ရှင် လာအို၊ အရှေ့တီမော၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား စသည့် အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအနေဖြင့် ယခုခြေစမ်းပွဲစဉ်တစ်ပွဲသာ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် သမုဒ္ဒရာပိုင်းဇုန်မှ ပါပူဝါနယူးဂီနီအသင်းအပြင် ထိုင်းပရီမီယာလိဂ်မှ ကလပ်အသင်းအချို့ကိုလည်း ကမ်းလှမ်းထားကြောင်း သိရသည်။ **(ရဲစွမ်း)**




DAGON CITY 1
Makes Myanmar More Beautiful
FIRST TWO TOWERS ARE FULLY RESERVED
NEW TOWERS WITH PAGODA VIEW FOR RESERVATION!
Premium Partners: MARGA LANDMARK | Mercedes-Benz
WIN
MERCEDES BENZ 2014 C-CLASS NEW MODEL
Exclusively at the Dagon City 1 Grand Opening:
All attendees are welcome to join our lucky draw
Also featuring Dagon City 1 Brand Ambassador Eindra Kyaw Zin, Lucky Draws and Many More Surprises!
Pre-registration required
Call +95 9 2544 28883 to reserve a seat!
MARGA LANDMARK
WWW.DAGONCITY1.COM

# အမျိုးသမီးထုကို အကျိုးပြုသည့် ဆန်းသစ်သော ဝန်ဆောင်မှုဖြင့် အရောင်းမြှင့်တင်မှုများ ပြုလုပ်လာ

**ရေစကြို၊ စက်တင်ဘာ ၂၉**

မျက်မှောက်ကာလတွင် အမျိုးသား၊ အမျိုးသမီး ငယ်ရွယ်သူများသည် အလှအပရေးရာဘက်တွင် ယခင်ကထက်ပိုမို၍ ဦးစားပေး ဝတ်ဆင် ခြယ်သပြုပြင်လာကြသည်ကို တွေ့မြင်နေရသည်။

အလှအပဟုဆိုရာတွင် အဝတ်အစား၊ ဖက်ရှင်အမျိုးမျိုးနှင့်အတူ မျက်နှာ၊ အသားအရေ၊ ကိုယ်ခန္ဓာအချိုးအစားမှအစ မလှလှအောင် နည်းမျိုးစုံ အထောက်ကူပြုပစ္စည်းအမျိုးမျိုးကို အသုံးပြု၍ ပြုပြင်ခြယ်သ ဝတ်ဆင်ကြလျက် လှသထက်လှအောင် အပြိုင်အဆိုင် ကြိုးပမ်းနေသောခေတ်ဟုဆိုလျှင် မှားအံ့မထင်။

ထိုသို့ လှသထက်လှအောင် ဖန်တီးပြုပြင်စရာပစ္စည်းအမျိုးမျိုးတို့သည်လည်း အချိန်နှင့်တစ်ပြေးညီ ဆန်းသစ်တီထွင်လျက်ရှိပြီး နိုင်ငံတကာမှ ဝင်ရောက်လျက် ပြည်တွင်းကုမ္ပဏီများက ဖြန့်ဖြူးရောင်းချလျက်ရှိကြသည်။ ကုမ္ပဏီများကလည်း မိမိတို့တင်သွင်းထားသည့် အလှအပ အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို ပြန်လည်ရောင်းချရာတွင် သမားရိုးကျမဟုတ်သည့် ဆန်းသစ်သော ဝန်ဆောင်မှုများပေး၍ အရောင်းမြှင့်တင်လျက်ရှိကြသည်။

"ကျွန်မတို့က ရန်ကုန်အခြေစိုက်ကုမ္ပဏီက လာရောက်ဝန်ဆောင်မှုပေးကာ အရောင်းမြှင့်တင်နေတာဖြစ်ပါတယ်။ ကျွန်မတို့ကုမ္ပဏီက တင်သွင်းတဲ့ အလှကုန်ပစ္စည်းအမျိုးမျိုးနဲ့ ပတ်သက်ပြီး ကောင်းကျိုးဆိုးကျိုးတို့ကို အမျိုးသမီးတိုင်း မသိကြပါဘူး။ ဘာလို့လည်းဆိုတော့ အလှကုန်ပစ္စည်းတစ်ခုချင်းစီမှာရေးထားတဲ့ အင်္ဂလိပ်စာတွေကို အားလုံးမဖတ်တတ်သလို ဖတ်တတ်သည့်တိုင် အဓိပ္ပာယ်သိသူက နည်းကြပါတယ်။ အဲဒီမှာအလှပစ္စည်းတွေက ပြဿနာဖြစ်တတ်ပါတယ်။ ဥပမာ ငယ်ရွယ်သူသုံးတဲ့ပစ္စည်းကို အသက်ကြီးသူသုံးစွဲမိရင်၊ နေ့အသုံးပြုရမယ့်ပစ္စည်းကို ညအသုံးပြုမိရင် ကောင်းကျိုးထက် ဆိုးကျိုးတွေဖြစ်တတ်ပါတယ်။ ဒါကြောင့်လာရောက်ဝယ်ယူသုံးစွဲသူတွေကို သုံးစွဲပုံ သုံးစွဲနည်းတွေရှင်းပြပေးပါတယ်။ ပြီးတော့မျက်နှာသစ်ပေးမိတ်ကပ်လိမ်းပေး စတဲ့ဝန်ဆောင်မှုပေးနေတာပါ" ဟုကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

အမျိုးသမီးများသည် အမျိုးသားများထက် အလှအပကို ပိုမိုစိတ်ဝင်စားကြသလို အမျိုးသမီးတိုင်း လှချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့အတွက် နာမည်ကြီး လိမ်းခြယ်စရာပစ္စည်းများကို ကြားဖူးနားဝဖြင့် ဝယ်ယူအသုံးပြုကြသည့်အခါ မှဲ့ခြောက်များ၊ တင်းတိတ်များ၊ ဝက်ခြံများထွက်ပေါ်တတ်သဖြင့် ယခုကဲ့သို့ အသက်အရွယ် အပိုင်းအခြားအလိုက် သုံးစွဲပုံ သုံးစွဲနည်း အသုံးပြုပုံပြုနည်းများကို နည်းစနစ်မှန်မှန်ဖြင့် သုံးစွဲနိုင်ရန် အကျိုးပြုသော ဝန်ဆောင်မှုဖြင့် အရောင်းမြှင့်တင်မှုကြောင့် သုံးစွဲသူအမျိုးသမီးများ စိတ်ဝင်တစား လျက်ရှိသည်။ **ဖေထွေးဇော်(ရေစကြို)**



# ရမည်းသင်းမြို့နယ်တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒေါ်လာသန်း ၃၀၀ ထုတ်ချေးခြင်း ထပ်ဆင့်ရှင်းလင်းပွဲပြုလုပ်

**ရမည်းသင်း၊ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရန်အောင်မြင်ဓမ္မာရုံတွင် သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဝန်ကြီးဌာန Exim Bank ချေးငွေ ဒေါ်လာသန်း ၃၀၀ ထုတ်ချေးခြင်း ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်နံနက် ၁၀ နာရီခွဲကပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ တိုင်းသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုင်းကျော်မင်း၊ တိုင်းသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးစန်းလွင်၊ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အခြေခံသမဝါယမအသင်း ၂၁၉ သင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင် ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

အခြေခံသမအသင်းများကို Exim Bank ချေးငွေ ဒေါ်လာသန်း ၃၀၀ ထုတ်ချေးပြီး သမအသင်းများ၏ လိုအပ်ချက်များဖြစ်သော စက်ကိရိယာများ အသင်းသစ်များကိုထုတ်ချေးရန်နှင့် အခြေခံသမအသင်းများ၏လူမှုစီးပွားဘဝမြှင့်တင်ရေး မြေအောက်ရေဖြင့် တောင်သူများ စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းရန် ပံ့ပိုးချေးငွေထုတ်ချေးနိုင်ရေးတို့ကို စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ရှင်းလင်းဆွေးနွေးခဲ့သည်။

Exim Bank မှ ချေးငွေထုတ်ချေးရခြင်းကို ရှင်းလင်းကာ တိုင်းသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးစန်းလွင်မှ ချေးငွေနှင့်အတိုးနှုန်း၊ တောင်သူများနှစ်သက်ရာ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ခြင်း၊ တောင်သူများနှစ်သက်ရာ မြေဩဇာဝယ်ပေးခြင်းတို့ကို တိုင်းသမဝါယမဦးစီးမှူး ဦးစိုင်းကျော်မင်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော အခြေခံသမအသင်းများဖြစ်သော ရေဦးကျေးရွာ ခိုင်ရွှေဦးသမအသင်းဥက္ကဋ္ဌ ဦးမြင့်အေး၊ အင်းကုန်းရွာ ရွှေအင်းလေးသမအသင်းဥက္ကဋ္ဌ ဦးမြင့်၊ ကျောင်းတိုက်စုရပ်ကွက် ခရမ်းပြာသမအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကျောင်းတိုက်စုရပ်ကွက် ရွှေရည်ဦးသမအသင်းဥက္ကဋ္ဌ ဦးအောင်မောင်း၊ တောင်ကန်ကြီးရွာသမအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဉသျှစ်ကုန်းရွာသမအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ချေးငွေကို ကျပ်တစ်သိန်းမှ ငါးသိန်း ထုတ်ချေးပေးပါရန်နှင့် ချေးငွေဆပ်ရန်ကာလကို တစ်နှစ်မှ တစ်နှစ်ခွဲထိသတ်မှတ်ပေးပါရန် တင်ပြကြရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးမှ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

## မြိတ်တွင် စာအုပ်စာစောင်များ လှူဒါန်း

**မြိတ်၊ စက်တင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ကလွင်စုံခေါင်းရှားတောဝရှိ ပညာပန်းခင်းစာကြည့်တိုက်တွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ အမှတ်(၅) တပ်မတော်စစ်ဆေးရုံ ခုတင် ၁၀၀ မှ ခေတ္တတပ်မှူး ဗိုလ်မှူးခင်ကျော်မင်းနှင့် တပ်ဖွဲ့ဝင်များက မြဝတီမဂ္ဂဇင်း အုပ် ၂၀၊ ငွေတာရီမဂ္ဂဇင်း အုပ် ၂၀၊ မိုးသောက်ပန်း၊ တေဇဂျာနယ် အုပ် ၄၀၊ အခြားဗဟုသုတစာအုပ်များ အုပ် ၇၀ နှင့် မြဝတီနေ့စဉ်သတင်းစာများကို ပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်မှူး ဦးဝင်းမြအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

## အသုံးအဆောင်နှင့် အာဟာရပစ္စည်းများ ပေးအပ်

**ထန်တလန်၊ စက်တင်ဘာ ၂၉**

ထန်တလန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ထန်တလန်မြို့နယ်အတွင်း ကျန်းမာရေးနှင့် အခြားလူမှုရေး အကူအညီများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၂၆ ရက်တွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန (CH) သားဖွားခန်း၌ မကြာသေးမီက မီးဖွားသူနှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်သင်တန်းကျောင်းမှ ကျောင်းသား ၅၂ ဦးအတွက် အသုံးအဆောင်ပစ္စည်းနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ထန်တလန်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန သားဖွားခန်းတွင် ၂၀၁၄ ခုနှစ်အတွင်း ကလေးငါးယောက်မွေးပေးပြီးကြောင်း သိရသည်။ **ရွှေဘိုင်း(ပြန်/ဆက်)**







## တရုတ်နိုင်ငံ Exim Bank မှချေးငွေဒေါ်လာ သန်း၃၀၀ ထုတ်ချေးရန်အတွက် တွေ့ဆုံပွဲကျင်းပ

**မအူပင်၊ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်တွင် တရုတ်နိုင်ငံ Exim Bank မှ ချေးငွေဒေါ်လာသန်း ၃၀၀ ချေးယူရရှိရေး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ကွင်းဆင်းထိတွေ့ ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မအူပင်မြို့ တိုးချဲ့ဝါခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျေးရွာ/ရပ်ကွက် ၈၈ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ချေးငွေရယူမည့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၄၀ သင်းမှ အသင်းသား၊ အသင်းသူများ စုစုပေါင်းအင်အား ၅၃၀ ဦး တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်နိုင်တို့က တရုတ်နိုင်ငံ Exim Bank မှ ဒေါ်လာသန်း ၃၀၀ ချေးငွေနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများကလည်း မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။

**အောင်နိုင်(ပြန်/ဆက်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် လှိုင်သာယာပြည်သူ့ဆေးရုံဝန်းအတွင်းအပြင် သန့်ရှင်းရေးကို အမှတ်(၉) လုံခြုံရေးတပ်ဖွဲ့ခွဲ ဒုရဲမှူးခင်မောင်ထွန်း ဦးဆောင်၍ အင်အား ၅၀ ဖြင့် စက်တင်ဘာ ၂၈ ရက်က စုပေါင်းသန့်ရှင်းဆောင်ရွက်စဉ်။ **၃၂၉**

## ကော့သောင်း၌ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ကော့သောင်း၊ စက်တင်ဘာ ၂၉**

ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရွှေပြည်သာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ခြင်းအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၁၁၈ ဦးသို့ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ကော့သောင်း(ပြန်/ဆက်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး မြိတ်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေး

**မြိတ်၊ စက်တင်ဘာ ၂၉**



ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေးသည် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မြိတ်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခိုင်နှင့် မြိတ်အကျဉ်းထောင် ထောင်မှူး ဦးညွှန့်ဝင်းတို့က အကျဉ်းထောင်ရှိ အကျဉ်းသား ၊အချုပ်သားများအား ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် အကျဉ်းသား အချုပ်သားများကို တွေ့ဆုံ၍ အကျဉ်းထောင်အတွင်း နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိ-မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှုရှိ-မရှိ၊ ကျန်းမာရေးပြည့်စုံမှုရှိ-မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေးရှိ-မရှိ၊ အမျိုးသမီးအကျဉ်းသားများအား အကာအရံလုံခြုံစွာထားရှိခြင်းရှိ-မရှိ၊ ကလေးသူငယ်အချုပ်သားများ ထားရှိခြင်းရှိ-မရှိ၊ နှိပ်စက်ညှဉ်းပန်းခြင်း ရှိ-မရှိ၊ မတရားပြုမှုရှိ-မရှိ၊ ဥပဒေပါအခွင့်အရေးများရရှိခြင်းရှိ-မရှိတို့နှင့်စပ်လျဉ်း၍ မျက်မြင်ကြည့်ရှုမေးမြန်းစစ်ဆေးခဲ့သည်။

ယင်းနောက် မြိတ်အကျဉ်းထောင်တွင် အကျဉ်းကျနေသော အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်ကာလကုန်ဆုံး၍ လွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကြောင်းပညာရပ်တစ်ခုခု တတ်မြောက်စေရန်၊ တတ်မြောက်ခဲ့သော ပညာရပ်ဖြင့် မိမိ၏မိသားစုအား ကောင်းမွန်စွာ အသက်မွေးဝမ်းကြောင်းဖြင့် လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်နိုင်ရန်အတွက် မြိတ်အကျဉ်းထောင်အတွင်း အကျဉ်းသားများက စက်ချုပ်သင်တန်း၊ ဆံပင်ညှပ်သင်တန်း၊ မျက်တောင်တုလုပ်ငန်း၊ အုန်းဆံကြိုးလုပ်ငန်းများ သင်ယူဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးခဲ့ကြပြီး အကျဉ်းထောင်အိပ်ဆောင်များနှင့် စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

# မြန်အောင်မြို့သပြေကုန်းကျေးရွာတွင် မြေမဲ့ယာမဲ့တောင်သူများအား မြေနုကျွန်းကိုတန်းစီဇယားဖြင့် ချထားပေးရန် အစည်းအဝေးကျင်းပ

**မြန်အောင်၊ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာတွင် မြေမဲ့ယာမဲ့တောင်သူများအား တန်းစီဇယားဖြင့် ကိုင်းမြေများချထားပေးရန် သပြေကုန်းအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် စက်တင်ဘာ ၂၃ ရက် နေ့လယ်က အစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ စိုက်ပျိုးရာသီချိန်မီ စစ်ဆေးရရှိသော မြေယာလက်မဲ့များအား မြေယာဥပဒေနှင့်အညီ မြေယာများချထားပေးမည်ဖြစ်ကြောင်း မြန်အောင်မြို့နယ် မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းကပြောကြားသည်။

ထိုတန်းစီဇယားဖြင့် မြေယာချထားပေးမည့်ကျွန်းသည် သပြေကုန်းကျေးရွာ၏ အရှေ့ဘက်ရှိ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က ဧရာဝတီမြစ်အတွင်း ပေါ်ပေါက်ခဲ့သောကျွန်းဖြစ်ပြီး နှစ်စဉ်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ဆယ်အိမ်ခေါင်းအလိုက် ညီညွတ်စွာလုပ်ကိုင်ခဲ့သည့် မြေနုကျွန်းဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။

ယခုအခါ ထိုမြေနုကျွန်းကို မြေမဲ့ယာမဲ့များမှ တန်းစီဇယားဖြင့်ချထားပေးရန် တောင်းဆိုခဲ့သဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခြင်း၊ ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲအဖွဲ့မှ လယ်ယာမဲ့စစ်တမ်းကောက်ယူခြင်း၊ လယ်ယာမဲ့အစည်းအဝေးပွဲတွင် စိစစ်ဆောင်ရွက်ခြင်းတို့ကို မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း မြေစာရင်းဦးစီးမှူးက ပြောကြားသည်။

ယခုအစည်းအဝေးပွဲကို နှစ်ပိုင်းခွဲကျင်းပခဲ့ပြီး သပြေကုန်းရွာပေါ်ရှိ ရပ်ကွက်ငါးရပ်ကွက်မှ အိမ်ထောင်စုအလိုက် မြေယာလက်မဲ့ ၂၆၀ ဦးကျော် တက်ရောက်၍ စိစစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

ဈေးအသက်သာဆုံး
ဆောက်လုပ်ရေးလုပ်ငန်းသုံး
ရေစိုခံ
အကျစ်သား
SIZE
4 ပေ 8 ပေ
5 ထပ်သား - 7 mm
7 ထပ်သား - 10 mm
12 ထပ်သား - 18 mm
ငါးထပ်သား
ရပြီ။
အကြိမ်များစွာ
ပြန်လည်အသုံးပြုနိုင်သည်။
HEIN ENGINEERING CO., LTD.
HEAD OFFICE - No. 12, Marlar Myaing Street, Yankin Township, Yangon, Myanmar.
Tel : 95-09-49306330, 01-549516, 546517, 8603596, 8603597.



## စံပြရတနာပရဟိတအဖွဲ့မိသားစု

## (ပထမအကြိမ်)သီတင်းကျွတ်သက်ကြီးပူဇော်ပွဲ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ဓမ္မဝေလာကျောင်းတိုက် အာစရိယသကျောင်းတိုက် ဆရာတော်ကြီးများ ဦးစီးသော စံပြရတနာပရဟိတ အဖွဲ့မိသားစုတို့၏ သက်ကြီးပူဇော်ပွဲကို (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက်) ၉-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ဓမ္မဝေလာ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ စံပြရတနာပရဟိတအဖွဲ့ဝင်များ ကြွရောက်ကြပါ ရန် ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**

## စစ်ကိုင်းဆရာအတတ်သင်/ စစ်ကိုင်းပညာရေးကောလိပ်

## (ဒုတိယအကြိမ်) မြတ်ဆရာပူဇော်ပွဲ

ကျင်းပမည့်နေ့ရက် - ၁၀-၁၀-၂၀၁၄ ရက်
ကျင်းပမည့်နေရာ - စစ်ကိုင်းပညာရေးကောလိပ်
မြဧရာခန်းမ
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီ
ဆက်သွယ်ရန်ဖုန်း - ၀၇၂-၂၁၂၂၅

ရပ်နီးရပ်ဝေးမှ ကန်တော့မည့်တပည့်ဟောင်းများနှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**စစ်ကိုင်းပညာရေးကောလိပ်**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မြိတ်ကျားကျောင်း၌ ၂၂-၉-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်အပ်သော ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်အရ ဖောင်ဒေးရှင်း၏ (၆)လပတ် စုံညီပွဲများကို ကျင်းပ ခြင်းမပြုတော့ဘဲ နှစ်ပတ်လည်စုံညီပွဲကိုသာ နှစ်စဉ်နှစ်တိုင်း မေလတွင် ပြုလုပ်ကျင်းပ သွားမည်ဖြစ်ပါကြောင်းနှင့် ဓမ္မစကူးလ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ထိထိရောက် ရောက် တင်ပြဆွေးနွေး အကြံပြုနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်း ကာ နှစ်ပတ်လည်စုံညီပွဲကို ပြုလုပ်ကျင်းပသွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဓမ္မစကူးလ်ဖောင်ဒေးရှင်း**


Silver Song Travels & Tours

သီတင်းကျွတ်အထူးအစီအစဉ်
15% Discount (Oct 1 ... 8 ...)
(UK) ...
DUAL TECH Vocational Training Centre


## ကျေးဇူးတော်ရှင်ကျောက်ဂူတောရဆရာတော် ဉူးဣန္ဒာစရိယ၏

## (၆၄)နှစ်မြောက် ဝိဇာတပူဇော်မင်္ဂလာပွဲ(ယော/ဂန့်ဂေါ)

**အသင်တို့မြို့၊ အသင်တို့ရွာ၊ အသင်တို့မိသားစုအားလုံးကို ဖိတ်ကြားအပ်ပါသည်။**

ကျင်းပမည့်နေ့ရက် - ၉-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့)
**သာမဏေ၊ ရဟန်း၊ သီလရှင်ဝတ်နှင့် ယောဂီဝတ်ပွဲ**
- ၁၀-၁၀-၂၀၁၄ရက်
**ဝိပဿနာတရားပွဲ (အစ)**
- ၁၄-၁၀-၂၀၁၄ရက်(၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်)
**ဆရာတော်ကြီး၏ မွေးနေ့ဝိပဿနာအောင်ပွဲနေ့**

ကျင်းပမည့်နေရာ - ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ အနောက် လက်ပံခုန်ရပ်ကွက်၊ ပရဟိတဓမ္မသုခရိပ်သာကျောင်း

**"ကျောင်းအကျိုးတော်ဆောင်အဖွဲ့."**

**ဖုန်း-၀၉-၅၁၇၆၂၃၅၊ ၀၉-၅၁၇၄၅၉၂၊ ၀၉-၅၅၀၂၃၅၅**


GOLDEN VIEW MYANMAR Travels & Tours
3* Hotel, Air-Con Express, Restaurant, Guide
Call : 09-450011107, 09-974053699


**အမည်မှန်**

ဦးကိုကိုနိုင်၏သမီး အထက(၂) ဒဂုံတောင် ဒသမတန်း(A)မှ မထက်အိ အိခင်၏အမည်မှန်မှာ မထက်အိခင် [၁၂/ဒဂတ(နိုင်)၀၉၇၆၆၈] ဖြစ်ပါကြောင်း။

**မထက်အိခင်**


HTET OO MARITIME TRAINING INSTITUTE
Whole Package
BST ... Pre-Sea
CDC / Passport
BST (4 Tickets)
Tanker Familiarization Course (T.F)
(Oil, Chemical) (CDC ...)
Pre-sea Course (Deck, Engine)
Designated Security Duties Course (DSD)
Deck Officers Class IV & V (Combined) NCV
Ph: 09 250278274, 01-544562
Ph: 09 421154233

HND Higher National Diploma in Engineering
Construction and the Built Environment (Civil Engineering)
Mechanical
Electrical and Electronic
October (2) ...
20% Off
TECH Training Centre

ယတြာမင်း
ဖုန်း -0943075129


**ဖခင်အမည်မှန်**

ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ အထက(ခွဲ)၊ အဌမတန်းမှ မဆောင်းမြတ် သဇင်၏ ဖခင်ဦးလှမျိုးထိုက်၏ အမည်မှန်မှာ ဦးဇော်နိုင်[၅/စကန(နိုင်)၀၁၄၉၃၈]ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ထားဝယ်မြို့၊ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း အထက(ခွဲ) ဒသမ တန်းမှ မဝင့်ဝါဖူး၏ မိခင်ဒေါ်လင်းလင်းကြည် (ခ)ဒေါ်လင်းလင်းသက် [၆/ထဝန(နိုင်)၁၃၄ ၉၈၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိဘအမည်မှန်**

ထားဝယ်မြို့နယ်၊ ပကာရီကျေးရွာ၊ အထက(ခွဲ)၊ ပဥ္စမတန်းမှ မောင်အောင် စိုင်းကို၏မိဘဖြစ်သူ ဦးဟန်ညွန့်-ဒေါ်ကျင်စန်းတို့၏အမည်မှန်မှာ ဦးအောင်နိုင်-ဒေါ်ယဉ်ယဉ်ဝင်း[၆/ထဝန(နိုင်)၁၀၄၃၅၆] ဖြစ်ပါသည်။


(L.L.B.)

Myanmar THAMES International
Diploma In Business
NCC Education (UK) ... Diploma ...
LCCI Level 3, IDBA, IADBA, ABE, ACCA, CIMA, ... Exemption ...
NCC Education (UK) ... BBA, MBA ...
2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450,0973147379

GREAT English Language Centre
Daw Khin Thida M.A.(English) YU

ကြော်ငြာ

**ဖခင် အမည်မှန်**

ကျွန်မမလင်းလင်းဆွေ[၁၂/ဒပန(နိုင်)၀၅၉၀၅၉]၏ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ[၁၂/လကန(နိုင်)၀၂၈၂၃၀]ဖြစ်ပါသည်။ **ဦးမြင့်ရွှေ**

### အမည်ပြောင်းလဲခြင်း

ဦးညီညီလှိုင်၏သမီး အထက(၂)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒသမတန်း(B)မှ မသုန်သုန်ထက်အား အိမ်ထောင်စုစာရင်းအရ မသုန္ဒရီဟုပြောင်းလဲခေါ်ပါရန်။ **မသုန္ဒရီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၀၈၀/က၊ မြေကွက်တည်နေရာ အမှတ်-၁၀၈၀/က၊ ရွှေဘို(၁၃)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးဝင်းမောင်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်(ဦးဝင်းမောင်)၊ မိခင်(ဒေါ်ကျင်မြ)တို့ ကွယ်လွန်သဖြင့် ဦးတင်ဝင်း[၁၂/ဥကတ(နိုင်)၀၉၉၅၂၇]၊ ဦးကျော်ဦး[၁၂/ဥကတ(နိုင်)၀၉၉၄၁၂]၊ ဒေါ်ညွန့်ညွန့်ဝင်း[၇/ပတန(နိုင်)၀၀၇၇၈၂]၊ ဦးအောင်ဝင်းနိုင်[၁၂/ဥကတ (နိုင်)၀၇၂၅၇၇]၊ ဒေါ်ကြည်ကြည်ညွန့် [၁၂/ဥကတ(နိုင်)၁၅၃၉၉၅]တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် ၎င်းတို့၏ကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၈၂၂/၁၄) (၂-၆-၂၀၁၄)ဖြင့် G.P ဦးထွန်းလင်း[၁၂/ဥကတ(နိုင်)၁၆၅၄၈၄]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၄၇၀၄/၁၄) (၁၇-၆-၂၀၁၄)တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာနေ ကျွန်တော်မောင်ဇင်မင်းဦး [၅/ရဘန(နိုင်)၁၇၄၉၀၇]နှင့် ကျွန်မ မငယ်ငယ်ထွေး[၅/ရဘန(နိုင်)၁၇၈၅၈၃]တို့၏ ဖခင် ဦးကျော်သန်း [၅/ရဘန(နိုင်)၀၂၁၀၈၉] နှင့် ဦးကျော်တင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

အထက(၆)အလုံ၊ ဒသမတန်း(က)တွင် ပညာသင်ကြားနေသော အဖ ဦးကျော်ကျော်အောင်၏သား မောင်ခန့်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၁၉၉၉ဖြစ်ပါသည်။

40×60
126×90
20×40
1200 Sqft
09-73123123 , 09-73100031



# ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး တရုတ်အမျိုးသားနေ့ အထိမ်းအမှတ်ညစာ ညှိခံပွဲသို့ တက်ရောက်ချီးမြှင့်



**ရန်ကုန်  စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှိ့ခံပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ ညှိ့ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိ့ခံပွဲ၌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး **(ယာပုံ)**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟိုလန်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟိုလန်နှင့် ဇနီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှိ့ခံသည်။ **(သတင်းစဉ်)**

## လွှတ်တော်အစည်းအဝေးများ၏ နေ့စဉ်အစီအစဉ်များကို လွှတ်တော်ကဏ္ဍရုပ်သံလိုင်းနှင့် မြန်မာ့အသံအစီအစဉ်များတွင် ထုတ်လွှင့်ပေးလျက်ရှိ

**နေပြည်တော်  စက်တင်ဘာ ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ၏ နေ့စဉ်အစည်းအဝေးအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလွှတ်တော်ကဏ္ဍရုပ်သံလိုင်းတွင် စက်တင်ဘာ ၃၀ ရက်မှစတင်၍ နံနက် ၈ နာရီ လွှတ်တော်သတင်းအပြီး၌ ထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တွင်လည်း ယနေ့မှစ၍ နံနက် ၇ နာရီခွဲ၌ ထုတ်လွှင့်ပေးလျက်ရှိကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

## ပျောက်ဆုံးတောင်တက်သမားနှစ်ဦးအပြင် အဆက်အသွယ်ပြတ်တောက်နေသည့် ထိုင်းရဟတ်ယာဉ်အားရှာဖွေမှု ကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော်  စက်တင်ဘာ ၂၉**

ခါကာဘိုရာဇီတောင်တက်ခရီးစဉ်အတွင်း ၂၉ ရက်ကြာ ပျောက်ဆုံးနေသည့် သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ခြေလျင်တောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ရောက်ရှိလာသော ထိုင်းနိုင်ငံမှ B4 ရဟတ်ယာဉ်သည် တဟွန်ဒမ်းကျေးရွာသို့ ရိက္ခာပို့ဆောင်ရင်း စက်တင်ဘာ ၂၇ ရက်က အဆက်အသွယ်ပြတ်တောက်ခဲ့ ကြောင်း၊ ၎င်းရဟတ်ယာဉ်သည် GPS အလုပ်မလုပ်ကြောင်း၊ DI Compass အလုပ် မလုပ်သည့်အတွက် i Pad ဖြင့် ပျံသန်းဆောင်ရွက်ခဲ့ရပြီး HF ဆက်သွယ်ရေးစနစ်မပါရှိဘဲVHF သာပါရှိခြင်းကြောင့် ပူတာအိုတာဝါနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖**

# MNL ချန်ပီယံ ရတနာပုံအသင်း မန္တလေးမြို့အတွင်း လှည့်လည်အောင်ပွဲခံ

**မန္တလေး  စက်တင်ဘာ ၂၉**

၂၀၁၄ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်း၏ အိမ်ပြန်ခရီးမှာ ယခင်အကြိမ်များကဲ့သို့ပင် တစ်ခဲနက်ကြိုဆိုသူများဖြင့် စည်ကားခဲ့သည်။ စက်တင်ဘာ ၂၈ ရက်တွင် MNL အမှတ်ပေးချန်ပီယံဆုကို လက်ခံရယူခဲ့သည့် ရတနာပုံအသင်းမှာ စက်တင်ဘာ ၂၉ ရက်တွင် ကိုယ်စားပြုတိုင်းဒေသကြီးဖြစ်သည့် မန္တလေးသို့ ပြန်ကာ အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်း ပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ CEO၊ အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၊ အောင်ပွဲရကစားသမားများသည် နံနက် ၇ နာရီတွင် Air KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာကြပြီး နံနက် ၈ နာရီခွဲမှစ၍ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်အောင်ပွဲခံကြသည်။ အောင်ပွဲရ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**



၂၀၁၄ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းကို ပရိသတ်များက တစ်ခဲနက်ကြိုဆိုနေစဉ်။


ယနေ့ မာတိကာ

ပြည်သူကို ထာဝစဉ်ကူညီ
စာမျက်နှာ - ၂

ဖြတ်လမ်းများ ဖောက်လုပ်ထားခြင်းကြောင့် ပုဂံဘုရားဖူးသွားသူများ ရက်တိုတိုဖြင့် စုံလင်စွာဖူးမြော်နိုင်
စာမျက်နှာ - ၁၉




## ဝန်ထမ်းအလိုရှိသည်

(၁) ဂိုဒေါင်မှူး (၂)ဦး
- ဘွဲ့ရ
- လစာ(၂)သိန်းနှင့်အထက်

(၂) လက်ထောက်မန်နေဂျာ (၃)ဦး
- ဘွဲ့ရ
- လစာ(၁)သိန်းခွဲနှင့်အထက်

(၃) စာရင်းကိုင် (၃)ဦး
- ဘွဲ့ရ၊ LCCI Level (II)
- လစာ(၁)သိန်းခွဲနှင့်အထက်

(၄) စိုက်ပျိုးရေးကျွမ်းကျင်သူ (၂)ဦး
- လစာ(၇)သောင်းနှင့်အထက်

(၅) စားဖိုမှူး (၃)ဦး
- လစာ(၁)သိန်းနှင့်အထက်

(၆) ယာဉ်မောင်း (၅)ဦး
- လစာ(၁)သိန်းခွဲနှင့်အထက်

(၇) လုံခြုံရေး (၁၀)ဦး
- လစာ(၇)သောင်းနှင့်အထက်

[မှတ်ချက်။ ။ အထက်ပါရာထူးများအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိပြီး အသက်(၂၅)နှစ်မှ (၅၀)နှစ်အတွင်းရှိသူများ လာရောက်လျှောက်ထားနိုင်သည်။ နေစရိတ်၊ စားစရိတ်ငြိမ်း စီစဉ်ပေးမည်။]

**ဆက်သွယ်ရန်လိပ်စာ - RG Company Ltd. ၊အမှတ် (153/F)၊ ဝေဇယန္တာလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (ORANGE Super Market နှင့်မျက်စောင်းထိုး) ဆက်သွယ်ရန် ဖုန်း-၀၉-၃၁၅၉၂၂၉၆**

## ကောင်းစွမ်းထက် ကုမ္ပဏီလီမိတက်

**အမှတ် J(21-25)၊ သီရိရတနာလက်လီလက်ကားဈေး၊ (၅)တိုးချဲ့ရပ်ကွက်၊ (အောင်မင်္ဂလာ ကားကွင်းအနီး) မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ကောင်းစွမ်းထက်တာယာဖြန့်ချိရေးမှ အောက်ပါဝန်ထမ်းများအလိုရှိသည်။**

ရောင်းမောင်း (၂)ဦး၊ အရောင်းဝန်ထမ်း (၁)ဦး

**လိုအပ်ချက်**

၁။ ဈေးကွက်ဆင်းလုပ်ငန်းတွင် (၁)နှစ်နှင့်အထက် အတွေ့အကြုံရှိသူဖြစ်ရမည်။
၂။ ဈေးကွက်ဆင်းလုပ်ငန်းကို စိတ်ဝင်စား၍ အားကြိုးမာန်တက် လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
၃။ အကျင့်စာရိတ္တကောင်းမွန်၍ အသောက်အစားကင်းရှင်းသူ ဖြစ်ရမည်။
၄။ အသက်(၂၅)နှစ် မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
၅။ အစိုးရအသိအမှတ်ပြု ဘွဲ့တစ်ခု ကိုင်ဆောင်ထားသူ ဖြစ်ရမည်။
၆။ ပြောဆိုဆက်ဆံရေး ပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
၇။ အသင်းအဖွဲ့(အများသူ)နှင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
၈။ နယ်ခရီးသွားနိုင်သူ ဖြစ်ရမည်။
၉။ ယာဉ်မောင်း(ဂ)လိုင်စင်နှင့်အထက်ရှိ၍ ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာမောင်းနှင်နိုင်သူအား ဦးစားပေးမည်။

အခြေခံလစာနှင့် ကော်မရှင်စနစ်ဖြင့် မိမိအရည်အချင်းနှင့် ကြိုးစားမှုအလိုက် ခံစားခွင့်ရှိသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၂၆၂၂၆၆၊ ၀၉-၇၃၀၆၇၆၈၅**

## ကျောက်တည်ခြင်းကို ခွဲစိတ်ကုသရန် မလိုပါ။

∗ ဆီးပြွန်ကျောက်တည်ခြင်း၊ ဆီးအိမ်ကျောက်တည်ခြင်းကို ခွဲစိတ်စရာမလိုဘဲ မှန်ပြောင်းဖြင့် ကြည့်ရှု၍ ကျောက်ချေပြီး ပြင်ပသို့ ထုတ်ယူခြင်း။
∗ ဆီးကြိတ်ကြီးခြင်းကို မှန်ပြောင်းဖြင့် ကြည့်ရှု၍ခြစ်ထုတ်ပေးခြင်း။

**ရွှေပုပ္ပါးအထူးကုဆေးခန်း(24hr Service) W1, ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းစင်တာဘေး၊ ဆရာစံလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-556316, 556001, 09-5133236**

**(သူနာပြုအကူ လူနာစောင့်-၅၀၀၀ ကျပ်)**

## ဝန်ထမ်းအမြန်အလိုရှိသည်

ဆေးအရောင်း (Computer) မ-၂ ဦး
(Account) မ-၂ ဦး
သန့်ရှင်းရေး ၃ ဦး

**ရွှေပုပ္ပါးအထူးကုဆေးခန်း၊ ရန်ကင်းစင်တာဘေး၊ ဆရာစံလမ်းမကြီး၊ ရန်ကင်း။**
**ဖုန်း:-09-5133236**
**(နယ်မှဖြစ်ပါက အဆောင်ရှိသည်။)**

## သွေးသည် အသက်

## ဝန်ထမ်းအမြန်အလိုရှိသည်
## ရွှေမြန်မာကုန်ထုတ်လုပ်ငန်း

(၁) Slaes & Marketing ကျား (၁၀) ဦး
(၂) Driver ကျား (၅) ဦး

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်မှဘွဲ့ရရှိပြီး အသက်(၃၀)နှစ်အောက်၊ ရိုးသားကြိုးစား၍ တက်ကြွသူ၊ ယာဉ်မောင်းလိုင်စင်ရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၂)အတွက် ရန်ကုန်မြို့အတွင်း မောင်းနှင်နိုင်ရမည်။ ယာဉ်မောင်းလုပ်သက် အနည်းဆုံး (၃)နှစ်ရှိရမည်။

အမှတ်စဉ်နှစ်ခုစလုံးအတွက် မျှော်မှန်းလစာ၊ လိုအပ်သည့်စာရွက်စာတမ်းများ၊ CV Form နှင့်အတူ **ရွှေမြန်မာကုန်ထုတ်လုပ်ငန်း** အမှတ်-၂၂၀၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်သို့ ၁၀-၁၀-၂၀၁၄ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

## aroma (Zulu Studio) ဝန်ထမ်း အလိုရှိသည်

## အိမ်ဘုရင် ၏ အိမ်ခြံမြေရေးရာ သိမှတ်ဖွယ်အကြံပြု

ကြည်စိုး (IC)

## NAING Group Construction Co.,Ltd

1. Executive Secretary
2. Project Engineer
3. Safety Supervisor
4. HR Executive
5. Site Supervisor/ Storekeeper
7. Maintenance
8. Auditor

## G3 CONSULTANTS — DEVELOPMENT STEPS LIMITED

### VACANCY ANNOUNCEMENT

## ARPT Co.,Ltd ဝန်ထမ်းအလိုရှိသည်

**(1) Marketing Manager** ကျား(၁)ဦး
- Air-con အရောင်းပိုင်းနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေး၊ ပြောနိုင်သူကို ဦးစားပေးမည်။

**(2) Chief Accountant** မ(၁)ဦး
- B.Com, CPA ဘွဲ့ရရှိထားသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အချက်အလက်အပြည့်အစုံအား Email:airelated.myanmar@ gmail.com သို့ လျှောက်ထားပါရန်။
ဆက်သွယ်ရန်
**တိုက်(C)၊ အခန်း(၇)၊ ဟိုက်ဝေးကွန်ပလက်၊ ဆင်မလိုက်၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်။**

## Job Vacancies for Lecturers

STI Myanmar University

(Full-time)

1. Lecturer in Management
2. Lecturer in Human Resources Management
3. Lecturer in Marketing
4. Lecturer in Accounting
5. Lecturer in Chemistry
6. Lecturer in Physics
7. Lecturer in Mathematics
8. Lecturer in Civil Engineering
9. Lecturer in Architectural Engineering

Closing date: October 15, 2014 Start date: Nov 1, 2014
Interview date: October 24, 2014 Job Type: Permanent (Attractive Compensation)

**ပျောက်ဆုံးကြောင်း**
ကွန်မဒေါ်အိုးဟန်[၁၂/အစန(နိုင်)၁၂၄၁၁၅] ပိုင်ဆိုင်သည့် (ID No. 771124, ID Date 6.9.2012) နှင့်ပတ်သက်သော အကောက်ခွန်ရှင်းလင်းခြင်းဆိုင်ရာ စာရွက်စာတမ်း (ID, Cancellation, Statement,ယာဉ်ဓါတ်ပုံ)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-254049575**

## အလိုရှိသည်

စက်ကြိုးပန်းထိမ်
ကျွမ်းကျင်ဆရာ
(၅)ဦး
လစာကောင်းပေးမည်
ဖုန်း-၀၉-၃၃၈၈၈၈၃၄

## ဝန်ထမ်းအလိုရှိသည်

**Staff** မ(၁)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- ဆက်ဆံရေးကောင်းမွန်၍ အလုပ်တွင် စိတ်ပါဝင်စားမှုရှိပြီး မိသားစုစိတ်ဓာတ်နှင့်လုပ်ကိုင်လိုသူဖြစ်ရမည်။
- ဂျပန်စာအရည်အချင်း ရှိပါက ဦးစားပေးစဉ်းစားမည်။
- လစာအား ညှိနှိုင်းမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၁-၃၉၃၃၇၀၊
၀၉-၄၂၁၁၄၇၀၇၀
၂၀-၁၀-၂၀၁၄ ရက် နောက်ဆုံးထား၍ လျှောက်လွှာလက်ခံမည်။

**ပြည်တွင်း၌သာခန့်ထားရန်**
၁။ Staff Officer Japan အရေး၊ အပြောကျွမ်းကျင်သူ(၅)ဦး(ကျပ်၃သိန်း+ +စရိတ်ငြိမ်း)
၂။ Driver(ယာဉ်မောင်း) (၅) ဦး (၂၀၀၀၀၀ စရိတ်ငြိမ်း)၊ အမှတ်(၃၀)/ဘီ၊ (စီ/၅)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-420231832, 09-43199990

**မိဘအမည်မှန်**
မြစ်ကြီးနားမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း($D_7$)မှ မမေရီယာ၏ မိဘအမည်မှန်မှာ ဦးမူဆီးတီနှင့် ဒေါ်နာရီးဆယ် ဖြစ်ပါသည်။

## Exclusive Distributor for International Top Brand

MDE
ဆေးဝါးဖြန့်ဖြူးရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလို ရှိသည်

၁။ ရောင်း/ဝယ် ကျား (၂) ဦး
ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံရှိ၍ လိုင်စင်သက် (၃)နှစ်အထက်ရှိရမည်။
၂။ အရောင်း ကျား (၂) ဦး
ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံရှိရမည်။
၃။ ဂိုဒေါင်မှူး ကျား (၁) ဦး
ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံရှိ၍ ကွန်ပျူတာအသုံးပြုတတ်ရမည်။
၄။ **Data Collector** မ (၂) ဦး
ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံရှိ၍ ကွန်ပျူတာအသုံးပြုတတ်ရမည်။
အမှတ်(၁၂)၊ တိုက်(၇/၁)၊ ရန်အောင်လမ်းသွယ်(၂)၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၉ ၃၂၃၈၆၄၉၉၃၊ ၀၉ ၄၂၀၁၅၅၀၁၁

## ဝန်ထမ်းအမြန်အလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

**ဝန်းတော်ဝန်ထမ်း** ကျား/မ (၂) ဦး

အထက်ပါရာထူးနှင့် ပတ်သက်၍ ဝန်းတော်လုပ်ငန်းကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ပြီး ဂျပန်ဘာသာ ပြောဆိုနိုင်သူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း CV form၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ ဆိုင်အမှတ် (1027) ရွှေပြည်သာ ပြည်လမ်း၊ တော်ဝင်စင်တာကို လာရောက်လျှောက်ထားနိုင်ပါသည်။

CRYSTAL DIAMOND LIVESTOCK CO., LTD.

## ဝန်ထမ်းအလိုရှိသည်
## CRYSTAL DIAMOND LIVESTOCK CO.,LTD
### (Diamond Quality Chick & Feed)

CRTSTAL DIAMOND LIVESTOCK CO.,LTD (Diamond Quality Chick & Feed) သည် မြန်မာနိုင်ငံ၏ မွေးမြူရေးရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် မွေးမြူရေးအစားအစာများ၊ မွေးမြူရေးအသားစား ကြက်မျိုးရင်းများ၊ ကြက်သားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် သွက်လက်၊ နိုးကြားတက်ကြွသော အောက်ပါဝန်ထမ်းများအလိုရှိသည်။

| | | |
|---|---|---|
| 1.Supervisor (မျိုးရင်းကြက်ခြံ) | B.V.Sc | Male (2)Posts |
| 2.Technician (မျိုးရင်းကြက်ခြံ) | B.V.Sc | Male (2)Posts |
| 3.Supervisor (မွေးမြူရေးအစားအစာ) | B.V.Sc (or) Any Graduate | Male(4)Posts |

မွေးမြူရေးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံတစ်ပုံတို့နှင့်အတူ ၃၁-၁၀-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာများအတိုင်း ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာလက်ခံမည့်နေရာများ**
**ရန်ကုန်-စ(၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-(၀၁-၆၈၂၉၈၅၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉)**
**မန္တလေး-၃၅လမ်း၊ ၇၄×၇၅ကြား၊ ချမ်းအေးသာဇံမြို့နယ်**
**ဖုန်း-၀၂-၆၁၅၀၉၊ ၀၂-၃၆၃၀၉**
**နေပြည်တော်-ပ(၁၅၇)ပွဲရုံတန်း၊ ဘောဂသီရိကားဝင်း**
**ဖုန်း-၀၆၇-၂၇၀၀၈၊ ၀၉-၃၁၀၀၅၉၄၅**

## JCM Jewel Collection Manufacturing Co.,ltd.

## ဝန်ထမ်းအလိုရှိသည်

၁။ **Artists** (ကျား/မ -၃) ဦး

၂။ **3D Professional Gemvision Matrix Software and Rhino Gold Software** (ကျား/မ -၃) ဦး

၃။ **Computer DTP** ကျွမ်းကျင်သူ (ကျား/မ -၂) ဦး
[Microsoft Word , Excel , & Power Point]

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁-၁၀-၂၀၁၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၅-၁၂-၂၀၁၄ ရက်နေ့မှ ၁၃-၁၂-၂၀၁၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ နှင့်လုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ဘွဲ့ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၇၅၀၀၀/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၇၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။ ၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၉၄၀၀၀ | ၁၀၀၀ | ၅၀၀၀ | ၁၀၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀/- နှုန်းဖြင့် ၅၀၀၀/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## Fashion Euphoria ၏ သီတင်းကျွတ်အကြို အထူးဈေးရောင်းပွဲတော်(၃၀-၉-၂၀၁၄)

Fashion Euphoria မှ ၂၀၁၄-၂၀၁၅ အတွက် တီတွင်ဖန်တီးထားသော မြန်မာအမျိုးသမီးပွဲတက်ဝတ်စုံများ၊ dinner dress, Party dress များကို ထူးခြားသော တင်ဆက်ပြသမှုများနှင့် ခင်းကျင်းပြသရောင်းချပေးမည် ဖြစ်ပါသည်။ မြန်မာရိုးရာချိတ်၊ ဇင်းမယ်၊ ပိုးထည်များနှင့် အရည်အသွေးအထူးကောင်းမွန်သော Designer Lace (ဇာ)၊ ပိုးထည်ရောင်စုံ ပွဲထိုင်ဇာ ဒီဇိုင်းအသစ်အဆန်းများ၊ Chiffon ရောင်စုံများနှင့် ကွန်ပျူတာပန်းထိုးချိတ်အသစ်များ၊ ပန်းဒီဇိုင်းအသစ်များကို အံ့ဩဖွယ်အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ အထူးသဖြင့် ပြသထားသော dinner dress,Party dress များကို စမ်းသပ်ဝတ်ဆင်နိုင်ပြီး ကျေနပ်နှစ်သက်ပါက ဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ Fashion Euphoria ၏မိတ်ဟောင်းမိတ်သစ်များအတွက် အထူးပြသရောင်းချပေးမည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသောကြောင့် ကြွရောက်အားပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ Fashion Euphoria ၏ ဈေးရောင်းပွဲအစီအစဉ်တွင် Sedona Hotel ရန်ကုန်မှလည်း ဝါကျွတ်အထူးအစီအစဉ်ဖြင့် Wedding Package Facilities များကိုလက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသောကြောင့် လက်ထပ်မင်္ဂလာဆောင်နှင်းကြမည့် မောင်နှံများအား သတင်းကောင်းပါးအပ်ပါသည်။

**နေရာ- Sedona Hotel**
**Grand Ball Room**
**အချိန်-နံနက် ၉ နာရီမှ ညနေ ၆နာရီ**
**ဆက်သွယ်ရန်ဖုန်း ၀၁-၅၇၀၀၂၁၊ ၀၉-၃၃၄၇၉၀၄၂**

## Viriya ဆိုင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အထူးအစီအစဉ် (၃၀-၉-၂၀၁၄)

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်သော Viriya Luxury အမှတ်တံဆိပ် Invitation Card များကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် Customer များ အထူးကြိုက်နှစ်သက်မည့် ဒီဇိုင်းအမျိုးအစားစုံလင်သော မင်္ဂလာဖိတ်စာ၊ မွေးနေ့ဖိတ်စာ၊ Business Invitation Card၊ ရှင်ပြုနားသဖိတ်စာများကို ၅%မှ ၁၀%အထိ အထူးဈေးနှုန်းများဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**နေ့ရက်-၃၀-၉-၂၀၁၄**
**အချိန်- နံနက် ၉ နာရီမှ ညနေ ၆နာရီ**
**နေရာ- Sedona Hotel**
**Grand Ball Room**
**Ph: 09-5012075**

## တော်ဝင်သူ ဆိုင်ဖွင့်လှစ်ခြင်း(၆)နှစ်ပြည့်အထူးအစီအစဉ် (၃၀-၉-၂၀၁၄)

တော်ဝင်သူ ဆိုင်ဖွင့်လှစ်ခြင်း(၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လက်ထပ်မင်္ဂလာဆောင်နှင်းကြမည့် မင်္ဂလာမောင်နှံများအတွက် မိတ်ကပ်၊ မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာတို့ကို ငှားရမ်းချုပ်လုပ်ရောင်းချပေးခြင်းနှင့် ပန်းအလှပြင်ဆင်ခြင်းတို့အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၃၀%မှ ၅၀% အထိ လျှော့ဈေးနှုန်းများဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**နေရာ-Sedona Hotel**
**Grand Ball Room**
**အချိန်-နံနက် ၉နာရီမှ ညနေ ၆နာရီ**
**ဆက်သွယ်ရန်ဖုန်း ၀၉-၅၀၀၇၁၄၉**









## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေခွဲရုံ ၄ရုံနှင့်ကချင်ပြည်နယ်အတွင်း ၃၃ကေဗွီ Swith Bay တစ်စုံတို့အတွက် လိုအပ်သောပစ္စည်းများအား Package တစ်ခုစီခွဲ၍ မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - ၃၀-၉-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်ရက် | - ၁၀-၁၀-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၅၃) နေပြည်တော်။**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

## ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း အသုံးစရိတ်သီးသန့်ရန်ပုံငွေဖြင့် ပန်းလှိုင်မြစ်ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မြေကြီးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက် | - ၁-၁၀-၂၀၁၄ ရက် |
| နောက်ဆုံးတင်သွင်းရမည့်ရက် | - ၂၁-၁၀-၂၀၁၄ ရက်၊ ညနေ ၄း၃၀ နာရီ |
| တင်ဒါဖွင့်မည့်ရက် | - ၃၁-၁၀-၂၀၁၄ ရက်၊ နံနက် ၁၀ နာရီ |
| နေရာ | - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁) ဆည်မြောင်းဦးစီးဌာန၊ လှည်းကူးမြို့ |

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၆၂၉၀၂၉၊ ၀၉-၄၂၁၁၆၈၀၆၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**


GL

Oct 7, Nov 5 (300000)

Oct 7, Nov 4 (150000/175000)

Oct 7

Oct 7

09 73040050, 09 73040051, 09 73040052, 09 73040053

Dawei Beauty

7 Oct (27000 ကျပ်)

7 Oct (33000 ကျပ်)

KO NYAN Travel Services

180000 OCT-31

90000 OCT-31

ဆရာမိုး Follow Me Ph.D (USA) IELTS

Universal Institute of ESL (USA)၏ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2)

ENGLISH 4 SKILLS Level (1)

Essay, Letter

Oct 4

4 SKILLS Level(1,2,3) Dip ESL (USA)

ENGLISH 4 SKILLS DISTANCE LEARNING

CD, DVD LEVEL 1,2,3 Dip ESL(USA)

SPEAKING

4 Skills Band 7 IELTS

Ph.D

0943125393

01 398118, 295798


ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကန့်ကွက်နိုင်ပါသည်

☎ - 510760, 510940, 510950, 500642, 502517, 2304211

☎ - 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

ကန့်ကွက်နိုင်ပါသည်

☎ - 510760, 510940, 510950, 500642, 502517, 2304211

☎ - 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980




လမ်းလျှောက်ပါ ဆေးမှန်မှန်သောက်ပါ

ဆီးဝမ်းလေးမှန် ပေါ့ပါးကျန်းမာမည်